INNOVATIONS FOR SUCCESSFUL SOCIETIES

# အိမ်အတွင်းသို့ ကျားအားဖိတ်ခေါ်ခြင်း - အင်ဒိုနီးရှား၏ အသွားများပါသော အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မတီဖန်တီးခြင်း ၂၀၀၂-၂၀၀၇

အကျဉ်းချုပ်

၂၀၀၂ ခုနှစ်တွင် နှစ်ပေါင်း ၃၀ ကြာအုပ်ချုပ်ခဲ့သော ဆူဟာတိုအာဏာရှင် စနစ်ကြောင့် စီးပွားရေး နိုင်ငံရေးပြိုလဲခဲ့ပြီးနောက် နိုင်ငံတကာနှင့် ပြည်တွင်းဖိအားကြောင့် အင်ဒိုနီးရှားသည် အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင် (Komisi Pemberantasan Korupsi, or KPK) ကိုဖွဲ့စည်းခဲ့သည်။ ကော်မရှင်အသစ်သည် ဩဇာအလွန်ကြီးသောကြောင့် တက်ကြွလှုပ်ရှားသူတစ်ဦးက အင်ဒိုနီးရှား နိုင်ငံရေးသမားတွေဟာ ကျားကို သူတို့အိမ်ထဲ ဖိတ်ခေါ်လိုက်တာဘဲဟု ပြောကြားခဲ့သည်။ သို့သော် ပြည်သူများ၏ မယုံသင်္ကာမှုများ၊ ယခင်က မအောင်မြင်မှုများနှင့် လွှတ်တော်က အတည်ပြုသည့် ကော်မရှင်အဖွဲ့ဝင်များအပေါ် မယုံကြည်မှုများ ရှိနေသည်။ ထိရောက်သည့် လုပ်ငန်းပုံစံ ဖန်တီးပြီးသည့်နောက် ကော်မရှင်ဝင်များသည် စွမ်းရည်မြှင့်တင်ရေးအတွက် တစ်နှစ်ခန့် ကြိုးပမ်းခဲ့ရပြီး လူစွမ်းအား အရင်းအမြစ် မူဝါဒများ၊ နောက်ဆုံးပေါ် နည်းပညာရပ်များ၊ အားကောင်းသည့် ကျင့်ဝတ်ပုံစံများနှင့် စုံစမ်းစစ်ဆေးရေးနည်းလမ်းများ သုံးခဲ့သည်။ ထို့နောက်ကော်မရှင်သည် ထိပ်တန်းအရာရှိကြီးများနှင့် နိုင်ငံရေးသမားဒါဇင်ပေါင်းများစွာ ပါဝင်နေသော စုံစမ်းစစ်ဆေးရေးများကိုပြုလုပ်ပြီး ၁၀၀% ယုံကြည်သိမ်းသွင်းနိုင်ခဲ့သည်။ ၂၀၀၇ခုနှစ်အကုန်တွင် KPK သည် အခြေခိုင်လာပြီး ပြည်သူများ၏ အပြည့်အဝ ထောက်ခံမှုရလာသည်။

*Gabriel Kuris သည် ဤကေ့စ်ကို အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့တွင် ၂၀၁၂ ခုနှစ် ဖော်ဖော်ဝါရီလနှင့် မတ်လများတွင် အင်တာဗျူးများ ပြုလုပ်ပြီး ရေးသားခဲ့သည်။ ကော်မရှင်ဒုတိယသက်တမ်းကိုမူ Innovations for Successful Societies companion case study စီးရီးမှ"Holding the High Ground with Public Support: Indonesia's Anti-Corruption Commission Digs In, 2007 – 2011."ကြည့်နိုင်ပါသည်။ အင်ဒိုနီးရှား လူမျိုးများတွင် နာမည်တစ်လုံးသာရှိပြီး လူအများသည် ၎င်းတို့၏ မျိုးရိုးအမည်ထက် ရှေ့ဆုံးနာမည်ကိုသာ နှစ်သက်ကြသည်ကို သတိပြုပါ။ ဤကေ့စ်တွင် အမည်များကိုသုံးရာတွင် ဒေသမီဒီယာနှင့် တစ်ဦးစီပေါ် မူတည်သတ်မှတ်သည်။ စက်တင်ဘာ၂၀၁၂တွင် ကေ့စ်ကို ပထမဦးဆုံး ထုတ်ဝေပါသည်။*

## နိဒါန်း

၂၀၀၅ ခုနှစ် ဧပြီလ တစ်ခုသော သောကြာညတွင် အင်ဒိုနီးရှား ရွေးကောက်ပွဲ ကော်မရှင်မှူး Mulyana Kusumah သည် ဂျကာတာ၏ ထိပ်တန်း Ibis ဟိုတယ် အခန်းတစ်ခုကို တံခါးခေါက်ခဲ့သည်။ အင်ဒိုနီးရှား ပြည်နယ် စာရင်းစစ်ဘုတ်အဖွဲ့မှ စာရင်းစစ်တစ်ဦးက ဖွင့်ပေးခဲ့သည်။ စကားအနည်းငယ်ပြောပြီးနောက် Kusumah က စာရင်းစစ်ချုပ်လက်ထဲသို့ ရူပီး ၁၅၀ သန်း (US$15,800) ကို ဒုတိယအသုတ်အဖြစ်ပေးခဲ့သည်။ စာရင်းစစ်ဘုတ်အဖွဲ့သည် အင်ဒိုနီးရှား၏ ၂၀၀၄ ရွေးကောက်ပွဲတွင် အသုံးပြုသော မဲပုံးများ တင်ဒါလုပ်ငန်းတွင် မရိုးသားမှုများရှိကြောင်း တွေ့ရှိခဲ့သည်။ ထိုရွေးကောက်ပွဲသည် နိုင်ငံတွင် ပထမဆုံး သမ္မတရွေးကောက်ပွဲလည်းဖြစ်သည်။ Kusumah က စာရင်းစစ်ကို နောက်ဆုံးအစီရင်ခံစာတွင် ထိုကိစ္စကို မဖော်ပြရန် မှာကြားခဲ့သည်။ Kusumah မသိသည်မှာ ၊ အင်ဒိုနီးရှားလူမျိုးများ နောက်တွင် သိရှိပြီး အံ့သြသွားကြသည်မှာ စာရင်းစစ်သည် အီလက်ထရောနစ် နားထောင်ပစ္စည်းကို လျှို့ဝှက်တပ်ဆင်ထားပြီး လျှို့ဝှက်ကင်မရာ များသည်လည်း ထိုဖြစ်စဉ်ကို မှတ်တမ်းတင်ထားကြသည်။ အင်ဒိုနီးရှား အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင် KPK သည် အနီးအနားတွင် စောင့်ကြည့်နေသည်။

Kusumah ကို ချက်ချင်းဖမ်းဆီးပြီးနောက် KPK အရာရှိများသည် ထိုကေ့စ်ကို အကျယ်ချဲ့ရန် အခွင့်ရခဲ့သည်။ အားလပ်ရက်တွင် KPK ကော်မရှင်အဖွဲ့ဝင် Amien Sunaryadi က အေးဂျင့်အဖွဲ့ကို ရှာဖွေရေးနည်းလမ်းများ သင်ကြားပေးခဲ့သည်။ အခြားဝန်ထမ်းများသည်လည်း ဒေသခံဆိုင်များတွင် ပလတ်စတစ်အိတ်များ၊ တံဆိပ်များနှင့် အဖြူရောင်လက်အိတ်များကို သက်သေခံပစ္စည်းများကိုင်တွယ်ရန် ရှာဖွေခဲ့ကြသည်။ တနင်္လာနေ့တွင် အေးဂျင့်များသည် ရွေးကောက်ပွဲ ကော်မရှင်ရုံးကို ဝင်စီးပြီး ဒေါ်လာ ၁၅၀ ၀၀၀ ပမာဏထက်ပိုသော သက်သေခံ စာရွက်စာတမ်းများနှင့် ကွန်ပြူတာဖိုင်များ ရှာဖွေတွေ့ရှိခဲ့သည်။ ထိုငွေများထဲမှ မှတ်စုတစ်ခုတွင် ရွေးကောက်ပွဲကော်မရှင် ဘဏ္ဍာရေးမှူးမှ ငွေများကို ကော်မရှင်အဖွဲ့ဝင်များအကြား မည်သို့ ခွဲဝေမည်ကို ဖော်ပြထားသည်။ Sunaryadi ကပြောသည်မှာ ရာဇဝတ်မှုတိုင်းက တွန့်တိုတာတွေရှိတယ်။ ဘယ်သူကမှ တစ်ယောက်ကို တစ်ယောက် လိမ်တာမျိုး မဖြစ်အောင် ဘဏ္ဍာရေးမှူးက မှတ်စုလုပ်ထားတယ် ဟုပြောခဲ့သည်။ ထိုသက်သေအထောက်မှ ရူပီး ၅.၃ ဘီလီယံ (ကန်ဒေါ်လာ ၅၃၀ ၀၀၀) ကျော်ကို အဂတိလိုက်စားခဲ့မှုကြောင့် ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် ၇ဦးနှင့် အဆင့်မြင့်ဝန်ထမ်းများနှင့် ပြည်နယ် စာရင်းစစ်တို့ကို ဖမ်းဆီးခဲ့သည်။

ထိုလျှို့ဝှက်ကြံစည်မှုကို ဖော်ထုတ်မှုသည် အင်ဒိုနီးရှားတွင် ဆယ်စုနှစ်များစွာ ကြာပြီးနောက် ပထမဆုံး ဖော်ထုတ်သည့် ကေ့စ်များတွင် ပါဝင်သည်။ အဂတိလိုက်စားမှုများသည် အင်ဒိုနီးရှား အစိုးရအဆင့်ဆင့်တွင် ရှိနေသည်ကို လက်ခံသော်လည်း လာဘ်ပေးလာဘ်ယူမှုများနှင့် စွမ်းရည်နိမ့်ကျမှုတို့ကြောင့် တရားစီရင်ရေးကဏ္ဍကြီးသည် အကျဉ်းအကြပ်ထဲ ကျရောက်နေသည်။ ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင်များကို အရေးယူသည့် ကေ့စ်သည် အများပြည်သူနှင့် အဖွဲ့အစည်းမိတ်ဖက်များ သံသယဖြစ်ရန် အလားအလာရှိသူတို့၏ အမြင် တွင် ဖွဲ့ခါစဖြစ်သော KPK ကို ံယုံကြည်မှုများ တိုးပွားလာသည်။ အစောပိုင်း KPK အကြံပေး ဖြစ်သည့် Ary Nugrohoက ပြောသည်မှာ နေ့တိုင်း နီးပါး သတင်းစာတွေနှင့် ရုပ်မြင်သံကြား သတင်းထောက်တွေက KPK အကြောင်းပြောကြတယ်။ ဒီကေ့စ်ပြီးတဲ့နောက် လူတွေရဲ့ မျှော်လင့်ချက်တွေက ပိုပြီးကြီးလာတယ်။

KPK ၏ ခေါင်းစည်းပိုင်းတွင်ပါလာသည့်အထိ အောင်မြင်ရသော အားသာချက်မှာ ၁၈လကြာ ဂရုတစိုက် စွမ်းရည်မြှင့်တင်မှု၏ ရလာဒ်များပင်ဖြစ်သည်။ Sunaryadi က ပြောကြားသည်မှာ ဒါမတိုင်ခင်က လာဘ်လာဘ်ယူမှု စုံစမ်းစစ်ဆေးတဲ့နေရာမှာ စောင့်ကြည့်တာတွေ မရှိပါဘူး။ အီလက်ထရောနစ်စောင့်ကြည့်မှု၊ လူတွေနဲ့ စောင့်ကြည့်မှု၊ ဆက်သွယ်ရေးလမ်းကြောင်းတွေ ဖြတ်ယူမှု၊ ရှာဖွေဖမ်းဆီးမှုတွေ မရှိပါဘူး။ KPK ပထမဆုံး ကော်မရှင်အဖွဲ့ဝင် ၅ဦးသည် ၂၀၀၃ ဒီဇင်ဘာတွင် စတင်တာဝန်ထမ်းဆောင်ပြီး သူတို့တွင် ဥပဒေကြောင်းအရ လုပ်ပိုင်ခွင့်ရှိသော်လည်း ရုံးခန်း၊ ဝန်ထမ်း၊ ပစ္စည်းကိရိယာ၊ မူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများ မရှိပါ။ ၂၀၀၇ ဒီဇင်ဘာ သူတို့တာဝန်ပြီးဆုံးသည့် အချိန်တွင်မူ သူတို့သည် ကမ္ဘာ့အထိရောက်ဆုံး အဂတိလိုက်စားမှု တိုက်ဖျက်ရေး အေဂျင်စီကို တည်ထောင်နိုင်ခဲ့သည်။

KPK ပေါ်ပေါက်လာမှုက ဖော်ပြနေသည်မှာ ခေါင်းဆောင်များသည် ခက်ခဲသည့်အခြေအနေများတွင် ကိုယ်တွေ့ အတွေ့အကြုံများကို သုံးပြီးလည်းကောင်း၊ မဟာဗျူဟာ စီမံခန့်ခွဲခြင်းဖြင့်လည်းကောင်း၊ ကြံ့ရာကျပန်း တီထွင်မှုများကြောင့်လည်းကောင်း အဖွဲ့အစည်းတစ်ရပ်ကို မည်သို့တည်ထောင်နိုင်ပုံကို ဖော်ပြနေသည်။

## စိန်ခေါ်မှု

KPK ၏ ကျင့်ဝတ်ဆိုင်ရာ အကျင့်ပေးနှင့် ထင်ရှားသည့် ဂျကာတာရှေ့နေ Nono Makarimက ပြောကြားသည်မှာ လာဘ်လာဘ်ယူမှုသည် အင်ဒိုနီးရှားလူမျိုးတို့ တည်နေရာဖြစ်သည့် ဂျာဗား၏ နိုင်ငံရေးယဉ်ကျေးမှုတွင် နက်ရှိုင်းစွာ နစ်မြုပ်နေသည်။ ကျွန်း၏ ရိုးရာ သက်ဦးဆံပိုင်များနှင့် ဗျူရိုကရက်များသည် လစာအနည်းငယ်သာရသော်လည်း ၄င်းတို့၏ ရာထူး အာဏာကိုသုံးပြီး အမြတ်ထွက်ရန် မျှော်လင့်ကြသည်။ ဗျူရိုကရေစီကို လိုချင်ရင် ပေးရတာဘဲ ဟု Makarim က ပြောကြားခဲ့သည်။ ဒါကယဉ်ကျေးမှုပါ။ ခေတ်မီတဲ့ လူ့အဖွဲ့အစည်းဖြစ်ပေမယ့် ယခင်က အစဉ်အဆက်များက အခုထိ ရှိနေသေးတယ်။

၁၉၄၉ တွင် နယ်သာလန်မှ လွတ်လပ်ရေးရပြီးနောက် အင်ဒိုနီးရှား အစိုးရသည် အဂတိလိုက်စားမှု တိုက်ဖျက်ရေး အစပျိုးမှုများနှင့် လုပ်ငန်းများကို အခါအားလျော်စွာ ဆောင်ရွက်ခဲ့သည်။ သို့သော် ထိုသို့ ချက်ချင်းလုပ်ဆောင်မှုများကြောင့် ကြာရှည်ခံမည့် ရလာဒ်များ ရလာရန်မှာမူ ကျဉ်းလွန်းကျယ်လွန်းဖြစ်နေသည်။ ၁၉ ၅၀ပြည့်နှစ်များမှသည် ၁၉၉၀ အစောပိုင်းနှစ်များအထိ သတင်းစာ မှတ်တမ်းများအရ Sunaryadi က မှတ်ချက်ပြုသည်မှာ လာဘ်လာဘ်ယူမှုများအပေါ် ပြည်သူများ၏ စိတ်ဝင်စားမှုမှာ စီးပွားရေးတိုးတက်မှု၊ ဆူပူအုံကြွပုန်ကန်မှုနှင့် သက်ဦးဆံပိုင်ကာလများတွင် အကြီးအကျယ် မဟုတ်ပေ။ လူအများက ထိပ်တန်း အဂတိလိုက်စားမှုများကို တွေ့ရလေ့ရှိသော ဖျက်လိုဖျက်စီးဖြစ်စေသည့် ကိစ္စအဖြစ် သတ်မှတ်ပြီး နေ့စဉ် ပြည်သူဘဝထက်ပိုပြီး မစဉ်းစားဘဲ ပိုအရေးကြီးသော ကိစ္စများတွင်လည်း ဝေးဝေးမှသာ နေခဲ့ကြသည်။ သို့သော် ၁၉၉၇-၁၉၉၈ အာရှဘဏ္ဍာရေး အကြပ်အတည်းတွင်မူ ပြည်သူတို့၏ မကျေနပ်မှုများ ပေါက်ကွဲခဲ့ရသည်။ ရူပီးငွေ ကျဆင်းပြီး ဘဏ်ဒါဇင်ပေါင်းများစွာ ပျက်စီးကာ အစိုးရသည် ပြည်သူ့အတွက် ထောက်ပံ့ကြေးများလည်း ဖြတ်တောက်ခဲ့သည်။ ဆန်ဈေးမှာ လေးဆတက်သွားသည်။ အင်ဒိုနီးရှားကို ၁၉၆၇ မှ စတင်အုပ်ချုပ်ခဲ့သော ခေါင်းဆောင် ဆူဟာတိုကို ဦးတည်သည့် လမ်းပေါ် ဆန္ဒပြမှုများ ပေါ်ပေါက်ခဲ့သည်။ သူသည် အာဏာရှိစဉ်တွင် အတွင်းစည်းရှိ မိတ်ဆွေများနှင့် ဆွေမျိုးများအကျိုးအတွက် လုပ်ပေးခဲ့သည်။

ဆန္ဒပြသူများ ကြွေးကြော်သည်မှာ အင်ဒိုနီးရှားစကားဖြင့် အတိုကောက်ဖြစ်သည့် KKN အဂတိလိုက်စားမှု၊ ပူးပေါင်းလိမ်ညာမှု၊ ဆွေမျိုးကောင်းစားမှုဖြစ်သည်။ ထိုအချိန်က ဆန္ဒပြ ကျောင်းသားခေါင်းဆောင်တစ်ဦးဖြစ်သည့် Ridaya Laodeng-kowe က ပြောကြားသည်မှာ ဆူဟာတို အုပ်ချုပ်ရေးမှုရေး မတရားမှုကြောင့် ဒီအကြပ်အတည်းကြီး ပေါ်ပေါက်လာတယ်။ စီးပွားရေးတိုးတက်မှုဆိုတာ စာရွက်ပေါ်မှာဘဲရှိတယ်။ ဒါပေမယ့် ကျွန်တော်တို့ သိတာက ဆလူနည်းနည်းလောက်ဘဲ စီးပွားရေးတိုးတက်မှုကို ခံစားကြရတယ်။ ဆူဟာတို မိတ်ဖက်တွေက အရင်းအမြစ်တွေနှင့် စီမံကိန်းတွေကို လုပ်ကိုင်ကြတယ်။ Transparency International က ခန့်မှန်းတာက ဆူဟာတိုမိသားစုဟာ အမေရိကန်ဒေါ်လာ ၁၅-၃၅ ဘီလီယံအထိ ရရှိခဲ့တယ်။ ၁၉၉၈ မေလတွင် ဆန္ဒပြမှုများ အကြမ်းဖက်မှုများပြောင်းလဲသွားပြီးနောက် ဆူဟာတိုနှုတ်ထွက်ပြီး ပြန်လည်တည်ဆောက်သည့်ခေတ်ဟု ခေါ်သည့် Reformasi ကို စတင်ခဲ့သည်။ အင်ဒိုနီးရှားသည် လူဦးရေ သန်း၂၀၀ကျော်ရှိပြီး ကမ္ဘာပေါ်တွင် စတုတ္ထလူဦးရေ အများဆုံးဖြစ်သည်။ ပြည်သူများသည် ၄င်းတို့အစိုးရကို ရုတ်ချည်းပြန်လည်ဖွဲ့စည်းခဲ့သည်။

ပြည်သူ့လွတ်လပ်မှုကို ကာကွယ်စောင့်ရှောက်ရန်၊ လွတ်လပ်သော ရွေးကောက်ပွဲများ ကျင်းပနိုင်ရန်နှင့် ဒေသအစိုးရများကို အာဏာခွဲဝေပေးရန် အားကောင်းလာသည့် လွှတ်တော်အသစ်သည် ဖွဲ့စည်းပုံကို ပြန်လည်ပြင်ဆင်ခဲ့သည်။ ထိုပြုပြင်ပြောင်းလဲမှုများသည် အဂတိလိုက်စားမှု အခြေအနေများကို လျော့ကျစေပြီး ပြည်သူများအား ထိုအကြောင်းကို ပိုပြောနိုင်အောင် အားပေးခဲ့သည်။ ဗဟိုဦးစီးစနစ် ဖြေလျှော့ခြင်းသည် ဒေသအဆင့်တွင် အဂတိလိုက်စားမှုများ ဖြစ်စေသော်လည်း လွတ်လပ်သော

မီဒီယာအသစ်များကို ထိုအကြောင်းများကို ဖော်ပြခဲ့ကြသည်။ သို့သော် အင်ဒိုနီးရှား လူမျိုးအများစုက ၎င်းတို့အစားထိုးလိုက်သော နိုင်ငံရေးသမားများသည် ယခင်နိုင်ငံရေးသမားများကဲ့သို့ပင် လာဘ်စားသည်ဟု ယုံကြည်နေကြသည်။ နိုင်ငံတကာ အဂတိလိုက်စားမှု တိုက်ဖျက်ရေး NGO ၏ ဒေသအဖွဲ့ဖြစ်သည့် Publish What You Pay အဖွဲ့တွင် နောက်ပိုင်းတွင် ဦးဆောင်သည့် Ridaya က ပြောကြားသည်မှာ အတိုက်အခံတွေက စနစ်ဟောင်းမှာ ပါဝင်လာတဲ့အခါ သူတို့ လာဘ်မစားဘူးလို့ ကျွန်တော်တို့ မခန့်မှန်းနိုင်ပါဘူး။ ဒီမိုကရေစီစနစ်မှာ ပါလာတဲ့ ကစားသူအသစ်တွေဟာ အဂတိလိုက်စားမှုရဲ့ ဇာတ်ကောင်အသစ်တွေ ဖြစ်လာပါတယ်။

ထိုသို့ အဂတိလိုက်စားသည့် စနစ်အတွင်း လုပ်ကိုင်နေရသော်လည်း နိုင်ငံရေး သမားများသည် ပြည်သူ့ မကျေနပ်မှုကို အမြတ်ထုတ်သည့်အနေဖြင့် အဂတိလိုက်စားမှုဆန့်ကျင်သည့် ကမ်ပိန်းများကိုသာ ပြုလုပ်ခဲ့သည်။ ပြုပြင်ပြောင်းလဲရေး တလျှောက်လုံးတွင် အင်ဒိုနီးရှားသည် ၎င်း၏ကြွေးမြီများကို ပြန်လည်ပြင်ဆင်ရန်နှင့် စီးပွားရေး ဖြေလျှော့ရန် ရုန်းကန်ခဲ့ရသဖြင့် နိုင်ငံတကာ ကြွေးရှင်များ၏ ဖိအားပေးခံခဲ့ရသည်။ နိုင်ငံတကာက အင်ဒိုနီးရှားအား အဂတိလိုက်စားမှုနှင့် ငွေကြေးခဝါချမှု လျှော့ချရန် တိုက်တွန်းခဲ့သည်။ ထိုအလေ့အကျင့်များသည် နိုင်ငံတကာစံနှုန်းများနှင့် ဆန့်ကျင်ပြီး အရင်းအမြစ်များနှင့် ဈေးကွက်ကို ထိခိုက်နိုင်သောကြောင့်ဖြစ်သည်။ နိုင်ငံတကာ ငွေကြေးရံပုံငွေအဖွဲ့ International Monetary Fund (IMF) က ပြည်သူ့ရံပုံငွေများ ယိုစီးမှု ရပ်တန့်ရန် ထိန်းချုပ်မှုအသစ်များ အတွက် ရည်ရွယ်ပြီး ကန်ဒေါ်လာ ၄၅ ဘီလီယံတန်ဖိုးရှိသော ဘဏ္ဍာရေး အစီအစဉ်ကို ကူညီပေးခဲ့သည်။

IMF အဓိက တောင်းဆိုမှုမှာ အင်ဒိုနီးရှားသည် ဘက်စုံပါဝင်သော အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်တစ်ခုတည်ထောင်ရန်ဖြစ်သည်။ အင်ဒိုနီးရှား တရားစီရင်ရေး ပြုပြင်ရေးကဏ္ဍတွင် ပါဝင်သော အမေရိကန် တရားရေး အကြံပေးဖြစ်သည့် Gregory Churchill က ကော်မရှင်ကို အင်ဒိုနီးရှား လူမျိုးတွေက ပြောင်းလဲရေးအတွက် ဆန္ဒရှိတာ ကြာပြီ။ ဒါပေမယ့် နိုင်ငံခြားသားဖိအားနဲ့မှသာ လုပ်နိုင်မယ်ဟု ဖော်ပြခဲ့သည်။ Churchill က IMF ချေးငွေစာလွှာနှင့် ပတ်သက်ပြီး ပြောသည်မှာ အကယ်၍ အလေးအနက် ဖော်ထုတ်ကြည့်ရင် ဒီစာလွှာထဲမှာပါတဲ့ အိုင်ဒီယာတွေက အင်ဒိုနီးရှား ပြုပြင်ပြောင်းလဲရေးသမားတွေဆီက လာတာပါ။ ဒီအိုင်ဒီယာတွေက သူတို့ အလုပ်ထဲမှာ သူတို့ စားပွဲခုံ အံဆွဲထဲမှာ ရှိနေပြီး ပြောင်းလဲရေးအတွက် စောင့်နေကြတယ်။ KPK က အဲဒီထဲက တစ်ခုဖြစ်တယ်။ ၁၉၉၉ နိုဝင်ဘာတွင် အင်ဒိုနီးရှား ပထမဆုံး လွတ်လပ်သည့် ရွေးကောက်ပွဲပြီးနောက် နိုင်ငံရေး အပြောင်းအလဲနောက်ပိုင်းတွင် လွှတ်တော်သည် ကဏ္ဍပေါင်းစုံ ကျယ်ပြန့်စွာ ပါဝင်နေသည့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို ပြဋ္ဌာန်းပြီး အစိုးရကို အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင်ကို ဖွဲ့စည်းရန် နှစ်နှစ် အချိန်ပေးခဲ့သည်။

ထိုဥပဒေကို အခြေခံပြီး တရားစီရင်ရေး ဝန်ကြီးဌာနမှ ဥပဒေနှင့် ဥပဒေပြုရေး ညွှန်ကြားရေးမှူးချုပ် Romli Atmasasmita က ဝန်ကြီးဌာနအောက်တွင် အဂတိလိုက်စားမှု တိုက်ဖျက်ရေးအဖွဲ့ *Tim Pemberantasan Tindak Pidana Korupsi* ကို ၂၀၀၀ ပြည့်နှစ်တွင် ဖွဲ့စည်းခဲ့သည်။ ထိုအဖွဲ့တွင် တက်ကြွလှုပ်ရှားသူ ၂၅ ဦး၊ ရဲအရာရှိများနှင့် ဆိုးရွားသည့် အဂတိလိုက်စားသော ရာဇဝတ်မှုများ စုံစမ်းဖော်ထုတ်ရန် အစိုးရရှေ့နေများ ပါသည်။

သို့သော် ဖွဲ့စည်းပုံ အခြေခံ ဥပဒေခုံရုံးက အဆိုပါအဖွဲ့သည် တရားဝင် ပြဋ္ဌာန်းဥပဒေများနှင့် တိကျသော စီရင်ခွင့် အာဏာများ မရှိသဖြင့် အသိအမှတ်မပြုပေ။ Churchill က ဒီ အမှားကနေ ကြီးမားတဲ့ အားထုတ်မှုတွေ သင်ယူရပါတယ်။ KPK ကို တည်ထောင်တဲ့အခါ အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဥပဒေကို ပြင်ဆင်ဖို့ လိုအပ်ပါတယ်။ အင်ဒိုနီးရှား အရပ်ဘက်အဖွဲ့အစည်းများသည် အသစ်ဖွဲ့သော အေဂျင်စီကို ယခင် အေဂျင်စီများထက် ပိုမိုအားကောင်းစေလိုသည်။ အင်ဒိုနီးရှား အဂတိလိုက်စားမှု စောင့်ကြည့်ရေး အကျိုးအမြတ်မယူသည့် အဖွဲ့အစည်း ဥက္ကဋ္ဌဖြစ်သည့် Danang Widoyoko က ပြောကြားသည်မှာ အရင်တုန်းက အဂတိလိုက်စားမှု တိုက်ဖျက်ရေး အေဂျင်စီတွေက မအောင်မြင်ကြဘူး။ အကြောင်းက အရင်းအမြစ်မရှိတာနှင့် လုပ်ပိုင်ခွင့်မရှိတာဖြစ်တယ်။ ဒါကြောင့် IMF က အဂတိလိုက်စားမှု တိုက်ဖျက်ရေး အေဂျင်စီ အိုင်ဒီယာ ကို

တင်သွင်းတဲ့အခါ ကျွန်တော်တို့မှာ အဲဒါနှင့် ပတ်သက်တဲ့ ဗဟုသုတတွေရှိပြီး ဖြစ်တယ်။ ဒီနည်းလမ်းရဲ့ အကန့်အသတ်တွေကိုလည်း သိပြီးသားဖြစ်တယ်။ KPK ဥပဒေကို ရေးဆွဲတုန်းက အရင်အဖွဲ့အစည်းတွေထက် ပိုပြီး အားကောင်းအောင် ရေးဆွဲဖို့ လိုတယ် ဟု ပြောကြားခဲ့သည်။

KPK ဥပဒေရေးဆွဲရာတွင် ကူညီခဲ့သည့် Sunaryadi ကလည်း သမိုင်းကြောင်းလေ့လာချက်ပေါ် အခြေခံပြီး အစိုးရ အဂတိလုက်စားမှုတိုက်ဖျက်ရေး လုပ်ငန်းများ ကျရှုံးရသည့် နောက်ကွယ်မှ အကြောင်းများကိုလည်း ဖော်ထုတ်ခဲ့သည်။ လူစွမ်းအား အရင်းအမြစ် မလုံလောက်ခြင်း၊ ဘဏ္ဍာရေး စီမံမှု အားနည်းခြင်း၊ ဌာနတွင်း မသင့်လျော်သည့် အပြုအမူများနှင့် ကာကွယ်တားဆီးခြင်းထက် အရေးယူခြင်းကိုသာ ဦးစားပေးခြင်းတို့ဖြစ်သည်။ သူက အေဂျင်စီက အစပိုင်းမှာအောင်မြင်မှုရလျှင်တောင် အထက်ပါအချက်တွေကို မဖြေရှင်းနိုင်ခဲ့လျှင် ပြည်သူထောက်ခံမှုများ ကျဆင်းနိုင်သည်။

ထို့အပြင် အင်ဒိုနီးရှား တရားစီရင်ရေးကဏ္ဍတွင်း ပြန့်နှံ့သော အဂတိလိုက်စားမှုသည် ဒီဖိုင်းကောင်းစွာ ပြင်ဆင်ထားသည့် အေဂျင်စီအသစ်ကိုပင် အခက်တွေ့စေနိုင်သည်။ ပြည်သူများသည် တရားစီရင်ရေး မာဖီးယားများနှင့် ပတ်သက်ပြီး တိုင်တန်းနေကြသည်။ ၄င်းမာဖီးယားများသည် တရားမဝင်ကွန်ရက်ကြီးဖြစ်နေသည့် အမှုပွဲစားများဖြစ်ပြီး အစိုးရရှေ့နေများ၊ ရဲများ၊ တရားသူကြီးများကို အမှုလွှတ်ရန်နှင့် ၄င်းတို့ မပူးပေါင်းလျှင် ဘေးထွက်နေစေရန် လာဘ်ပေးခိုင်းစေသည့် အဖွဲ့ကြီးဖြစ်သည်။ ထို့ကြောင့် KPK ဥပဒေပြဌာန်းသူများသည် တရားစီရင်ရေး၊ အဂတိလိုက်စားမှု စစ်ဆေးရေးများအပြင် စုံစမ်းစစ်ဆေးရေး အာဏာကိုပါ ထည့်သွင်းစဉ်းစားရသည်။ Ridaya က ပြောသည်မှာ ကျွန်တော်တို့ အဲဒီအချိန်တုန်းက ရဲတွေနှင့် ဥပဒေအရာရှိတွေကို အားမကိုးရပါဘူးဟု ပြောကြားခဲ့သည်။ သူက KPK နှင့် အမျိုးသားလူ့အခွင့်အရေးကော်မရှင်တို့ကို နှိုင်းယှဉ်ပြခဲ့သည်။ ကျွန်တော်တို့က အဂတိလိုက်စားမှုကို ဖြေရှင်းဖို့ အဖွဲ့အစည်းတစ်ခု ဖန်တီးဖို့ လိုပါတယ်။ ကျွန်တော်တို့အရင်တုန်းက လူ့အခွင့်အရေး ချိုးဖောက်မှုတွေကိုင်တွယ်ဖို့အတွက် အဖွဲ့တစ်ခုဖွဲ့သလိုပါဘဲဟု ပြောကြားခဲ့သည်။

ယခင်အဖွဲ့အစည်းများ ကျရှုံးသကဲ့သို့ မဖြစ်စေရန် KPK တွင် လွတ်လပ်မှု၊ အားကောင်းသော အသွားများနှင့် အဂတိလိုက်စားမှုကို တရားစီရင်ရေးကဏ္ဍတွင် ကာကွယ်ရန် လိုအပ်နေသည်။ သူ၏ အဖွင့်ခေါင်းဆောင်သည်လည်း အေဂျင်စီ၏ အရင်းအမြစ်များကို ကျွမ်းကျင်ပိုင်နိုင်စွာ အသုံးချပြီး ပြည်သူ့ထောက်ခံမှုရရန် လုပ်ဆောင်ရမည်။ အင်ဒိုနီးရှား အစိုးရ၏ အမြင့်ဆုံးအဆင့်တွင် စုံစမ်းစစ်ဆေးမှုရာတွင် ပေါ်ပေါက်လာနိုင်သည့် တန်ပြန်မှုရန်များမှ ကာကွယ်ရန်လည်း ပြင်ဆင်ကြရသည်။

## တုန့်ပြန်မှုကို ဘောင်ခတ်ခြင်း

KPK ကိုတည်ထောင်ရာတွင် ထောက်ခံသူများသည် ဥပဒေရေးဆွဲရန်လိုအပ်ပြီး သမ္မတနှင့် လွှတ်တော်၏ ထောက်ခံမှုရရန် အရေးကြီးသည်။ ခန့်အပ်သည့်အချိန်မှစပြီး အေဂျင်စီခေါင်းဆောင်များသည် အစောပိုင်းခက်ခဲသည့်အချိန်များကို ဖြတ်ကျော်ရန် လမ်းကြောင်းဆွဲရန် လိုအပ်သည်။

*KPK ဥပဒေပြဌာန်းခြင်း*

Romli ဦးဆောင်သည့် တရားစီရင်ရေး ဝန်ကြီးဌာန ဦးဆောင်ကော်မတီသည် အာရှဖွံ့ဖြိုးရေး ဘဏ်အကူအညီဖြင့် KPKဥပဒေပြဌာန်းရန် ရေးဆွဲသည်။ ကော်မတီသည် ဥပဒေ အာဏာပိုင်များ၊ အရပ်ဘက်အဖွဲ့အစည်း တက်ကြွလှုပ်ရှားသူများနှင့် နိုင်ငံခြားသား ပညာရှင်များ၏ အကြံဉာဏ်များကိုလည်း ဖိတ်ခေါ်ခဲ့သည်။ Sunaryadiသည် ဆပ်ကော်မတီသုံးခုမှ တစ်ခုတွင် ဦးဆောင်ပြီး နှိုင်းယှဉ်လေ့လာရေး ပြုလုပ်ရသည်။ အခြားနိုင်ငံများတွင် သွားရောက်လေ့လာမှုများနှင့် သင်ကြားမှုများမှတဆင့် သူအဖွဲ့သည် ဟောင်ကောင်၊ စင်ကာပူ၊ မလေးရှား၊ ဖိလစ်ပိုင်၊ တောင်ကိုးရီးယားနှင့် ဩစတြေးလျပြည်နယ်ရှိ နယူးဆောက်ဝေး စသည့်နိုင်ငံများမှ အဂတိလိုက်စားမှုတိုက်ဖျက်ရေး အေဂျင်စီများအကြောင်းသင်ယူခဲ့ရသည်။ ကော်မတီသည် ဟောင်ကောင်၏ အာဂတိလိုက်စားမှု တိုက်ဖျက်ရေး လွတ်လပ်သော ကော်မရှင် Independent Commission Against Corruption (ICAC) ကို အဓိက မော်ဒယ်ယူပြီး ICAC ကော်မရှင်အဖွဲ့ဝင် အငြိမ်းစားဖြစ်သည့် Bertrand de Speville ကို

အကြံပေးခန့်အပ်ခဲ့သည်။ Sunaryadi က KPK ပုံစံက ဟောင်ကောင်ပုံစံနှင့် နီးစပ်တူတယ်ဟု ပြောကြားခဲ့သည်။

အဂတိလိုက်စားမှု တိုက်ဖျက်ရေး အာဏာပိုင်အဖွဲ့များတွင် အစောဆုံးနှင့် အအောင်မြင်ဆုံးတစ်ခုအဖြစ် သတ်မှတ်သည့် ICAC သည် အဂတိ လိုက်စားမှုတိုက်ဖျက်ရေးအတွက် ချဉ်းကပ်ရာတွင် သုံးချောင်းထောက်ပုံစံဖြင့် ချဉ်းကပ်သည်။ စုံစမ်းစစ်ဆေးခြင်း၊ ကာကွယ်ခြင်းနှင့် ပညာပေးခြင်းတို့ဖြစ်သည်။ ကော်မတီကြမ်းသည် ICAC မော်ဒယ်ပုံစံကို ပြင်ဆင်ပြီး အဖွဲ့အစည်းပုံစံသစ် ပြင်ဆင်ခြင်း၊ တာဝန်ခံမှု တာဝန်ယူမှု တိုင်းတာချက်အသစ်များ ထည့်သွင်းခြင်းနှင့် အဖွဲ့ဝင် ငါးဦးပါသော ကော်မရှင်ဖြင့် ဦးဆောင်စေခြင်း စသည်ဖြင့် ပြင်ဆင်ခဲ့သည်။

ဥပဒေကြမ်းသည် KPK ကို ICAC နှင့် ကမ္ဘာတဝှမ်းလုံးရှိ အခြား အဂတိလိုက်စားမှု တိုက်ဖျက်ရေးအေဂျင်စီများထက် ပိုမိုအားကောင်းစေရန် ဖန်တီးခဲ့သည်။ ကေ့စ်များကို တရားစီရင်ရေး အာဏာတွင်လည်းကောင်း၊ ဖမ်းဆီးရေးနှင့် ရှာဖွေရေးတွင် ပိုမိုကျယ်ပြန့်သည့်သြဇာ အာဏာပေးခဲ့သည်။ ထို့ပြင် ဥပဒေကြမ်းရေးဆွဲသူများသည် အဂတိလိုက်စားမှုရာဇဝတ်မှုများကို အပြစ်ပေးရန် သီးသန့်တရားရုံးဖန်တီးခဲ့သည်။ သြစတြေးလျ နိုင်ငံရေး သိပ္ပံပညာရှင် Kevin Evans က ပြန်ပြောသည်မှာ စုံစမ်းစစ်ဆေးရေးနှင့် တရားစီရင်ရေး အာဏာနှစ်ခုပေါင်းစပ်ခြင်းက နိုင်ငံခြားသား ပညာရှင်တွေကို စိတ်ပူစေခဲ့ပြီး ဒါက သူတို့နိုင်ငံမှာ ဒီလိုလုပ်တာမဟုတ်ဘူးဆိုပြီး ပြောခဲ့သည်။

လွှတ်တော် ဦးဆောင်သူများသည် သမ္မတ Megawati Sukarnoputri (၂၀၀၁-၂၀၀၄) သည် အဂတိလိုက်စားမှုတိုက်ဖျက်ရေး အေဂျင်စီ တည်ထောင်မှုကို အားပေးပြီး KPK ဥပဒေကြမ်းသည် အလွန်အကျွံရေးဆွဲထားသည်ဟု ယုံကြည်ကြသည်။ နိုင်ငံရေးသမားများကလည်း ထိုသို့ အလွန်သြဇာကြီးသော KPK ဖန်တီးခြင်းကို အင်ဒိုနီးရှား၏ အာဏာရှင်ဖိနှိပ်မှု သမိုင်းကြောင်းနှင့် ထောက်ချင့် ပူပန်ခဲ့ကြသည်။ အချို့က ကော်မရှင်အဖွဲ့ဝင်များသည် ၄င်းတို့သြဇာကို နိုင်ငံရေး ရည်ရွယ်ချက်များ အတွက် အသုံးချမည်ကိုလည်း စိုးရိမ်ခဲ့ကြသည်။ အချို့က အဂတိလိုက်စားမှုတိုက်ဖျက်ရေး အေဂျင်စီသည် နိုင်ငံခြားသား ပါဝင်ဖွဲ့စည်းထားခြင်းဖြစ်ပြီး တုန်လှုပ်မှုကို ကုသရန် အင်ဒိုနီးရှားအစိုးရသည် စီးပွားရေး အကျပ်ကိုင်မှုကြောင့် လက်ခံလိုက်ရသည်ဟုလည်း ပြောဆိုကြသည်။

အုပ်ချုပ်ရေးပိုင်းက ဥပဒေကြမ်းနှင့် အဆိုပြု ဥပဒေသစ်ကို ပစ်ပယ်သဖြင့် IMFနှင့် တင်းမာသည့် ညှိနှိုင်းမှုများ ပြုလုပ်ခဲ့ရသည်။ Sunaryadi က ပြောကြားသည်မှာ အဲဒီအချိန်က နိုင်ငံတကာ ဖိအားပေးမှုက အရေးအကြီးဆုံးဖြစ်တယ်။ IMF က အစိုးရက KPK အကောင်အထည်မဖော်ရန် ချေးငွေတွေကို ရပ်ပစ်မည်ဟု ပြောခဲ့သည်။ နောက်ဆုံးတွင် အုပ်ချုပ်ရေး၊ လွှတ်တော်နှင့် IMFက လက်ခံသည့် KPK ဥပဒေကို ဒီဇင်ဘာ ၂၀၀၂ တွင် ပြဌာန်းခဲ့ပြီး ၄င်းပြဌာန်းရမည့်အချိန်ထက် ၁၆လ နောက်ကျပြီး ပြဌာန်းခဲ့သည်။ ဥပဒေပြုသမားအများစုသည် သမ္မတနှင့် လွှတ်တော်ကြား ခါးသီးသည့် အခြေအနေကို လျစ်လျူရှုပြီးသဘောတူခဲ့သည်။ KPK သည် ရွေးကောက်ခံ အရာရှိများကိုလည်း စစ်ဆေးနိုင်သည့် စိုးရိမ်မှုများကိုလည်း လစ်လျစ်ရှုခဲ့သည်။

ဥပဒေပြုသမားများသည် ဥပဒေပြဌာန်းရသည့် အကြောင်းရင်းများစွာရှိသည်။ ဆန္ဒပြသူများသည် လမ်းများပေါ်တွင် KKN ဟု ကြွေးကြော်ပြီးနောက် နှစ်အနည်းငယ်အကြာတွင် မီဒီယာများသည်လည်း အဂတိလိုက်စားမှုကို ညင်သာစွာ ဖော်ပြကြပြီး သတိရှိလာကြသည်။ လွှတ်တော်တွင် နေရာ ငါးပုံတစ်ပုံယူထားခဲ့သော ယခင်အုပ်ချုပ်ခဲ့သည့် ပါတီ Golkar တွင်လည်း အသစ်ဝင်လာသော ဥပဒေပြုသမားများက အဂတိလိုက်စားမှုတိုက်ဖျက်ရေး အားထုတ်မှုသည် ပါတီ ခေါင်းဆောင်မှုနှင့် သန့်ရှင်းသော မျိုးဆက်ပေါ်ပေါက်လာစေရန် မျှော်လင့်ခဲ့ကြသည်။ Golkar အတွင်းက အဖွဲ့သစ်တွေက ပါတီအတွင်းမှာ ကျော်ကြားသည့် ထောက်ခံမှုရဖို့နှင့် နိုင်ငံရေး ဆန့်ကျင်မှုတွေ လျော့သွားစေဖို့ အဂတိစားမှုတိုက်ဖျက်သည့် အိုင်ဒီယာကို သဘောတူကြတယ်ဟု Ridaya က ပြောခဲ့သည်။ ထို့အပြင် အင်ဒိုနီးရှား ပထမဆုံး လွတ်လပ်သည့် ရွေးကောက်ပွဲပြီးနောက် တာဝန်ယူသော ဥပဒေပြုသမားများသည် အတွေ့အကြုံ မရှိကြဘဲ အဆင့်မြင့် ဥပဒေပြုရေး တိုက်ပွဲများနှင့် ပြုပြင်ပြောင်းလဲရေး ရှိလာကိုစတာ နိုင်ငံရေးသဘောများနှင့်သာ လုံးပမ်းနေကြရ

သည်။ ထင်ရှားသည်မှာ အင်ဒိုနီးရှားလွှတ်တော်တွင်းနှင့် လွှတ်တော်ပြင်ပမှ ဩဇာအာဏာ ရှိသူများသည် အဂတိလိုက်စားမှုတိုက်ဖျက်ရေး အေဂျင်စီအသစ်ကို အနည်းငယ်သာ ကြောက်ရွံ့ကြသည်။ အထူးသဖြင့် အေဂျင်စီသည် သက်တမ်းတိုပြီး မထိရောက်သည့် ယခင်ကိုင်တွယ်သူများကြောင့် လည်းဖြစ်သည်။ Sunaryadi က KPK ဥပဒေ ပြဋ္ဌာန်းသည့် အချိန်ကို ပြန်ပြောင်းပြောဆိုသည်မှာ ဘယ်သူကမှ KPKဟာ ဩဇာကြီးတယ်လို့ မထင်ကြဘူး။ သူတို့က သဘောသာတူလိုက်တယ်။ မသိကြဘူး။

*KPK ဥပဒေက ဘာကိုဖန်တီးသနည်း။*

ကျယ်ပြန့်သည့် ဗဟိုချုပ်ကိုင်သော အဂတိလိုက်စားမှုတိုက်ဖျက်ရေး အေဂျင်စီဖြစ်သည့် KPK တွင် လုပ်ငန်းများစွာပါဝင်သည်။ စုံစမ်းစစ်ဆေးခြင်းနှင့် ဖမ်းဆီးခြင်း၊ တရားစွဲခြင်း၊ တားမြစ်ခြင်း၊ သုတေသနပြုလုပ်ခြင်းနှင့် မူဝါဒပေါင်းစပ်ညှိနှိုင်းခြင်း တို့ဖြစ်သည်။ ဥပဒေသည် အင်ဒိုနီးရှား အေဂျင်စီတစ်ခုအတွက် တမူထူးခြားပြီး အလျားလိုက်ဖြစ်နေသည့် ရိုးရှင်းသော ဖွဲ့စည်းပုံကိုသာ ရေးဆွဲခဲ့သည်။ ထိပ်ပိုင်းတွင် ကော်မရှင်အဖွဲ့ဝင်များ (ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌလေးဦး) ကို ဆုံးဖြတ်ချက်များ စုပေါင်းချမှတ်စေသည်။ ကော်မရှင်အဖွဲ့ဝင်များ အောက်တွင် ရုံးငါးရုံးရှိသည်။ အဖွဲ့တွင်မူဝါဒနှင့် ပြည်သူ့ဆက်ဆံရေးဆောင်ရွက်သော အတွင်းရေးမှူးရုံး၊ စုံစမ်းစစ်ဆေးခြင်းနှင့် တရားစွဲခြင်း ဆောင်ရွက်ခြင်း၊ အစိုးရ အဂတိလိုက်စားမှု တိုက်ဖျက်ရေး မူဝါဒများနှင့် ချမ်းသာခြင်း အစီရင်ခံစာတို့ ဆောင်ရွက်သည့် ကာကွယ်တားဆီးခြင်း၊ သုတေသန-သတင်းအချက်အလက်များစုဆောင်းခြင်း၊ နိုင်ငံတဝှမ်း အဂတိလိုက်စားမှုကို စောင့်ကြည့်ခြင်း၊ နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ခြင်း၊ ပြည်သူတိုင်ကြားမှုများနှင့် အတွင်းတွင် စောင့်ကြည့်ခြင်း၊ ပွင့်လင်းမြင်သာပြီး သိက္ခာရှိရန် တာဝန်ခံဆောင်ရွက်ခြင်းတို့ဖြစ်သည်။

အဆိုပါ ရုံးငါးရုံးအောက်တွင် သီးသန့်တာဝန်များ ထမ်းဆောင်ကြသော ရုံးခွဲ ၁၈ခုရှိသည်။ KPK ဥပဒေက ထိုဖွဲ့စည်းပုံကို ပြဋ္ဌာန်းရခြင်းမှာ ကာကွယ်ရေး၊ စုံစမ်းစစ်ဆေးရေးနှင့် ပညာပေးရေး လုပ်ငန်းများကို ဥပဒေအရ တန်းတူညီမျှဖြစ်စေရန် ဖြစ်သည်။ ဥပဒေက ပြင်ဆင်ခြင်းမပါဘဲ ဖွဲ့စည်းပုံကို ပြင်ခွင့်မပေးပေ။ ပထမသက်တမ်းကော်မရှင် အဖွဲ့ဝင်များသည် သုတေသနရုံးကို ရုံးခွဲအဆင့်မှ အဆင့်မြင့်ရုံးအဖြစ် ပြင်ဆင်ရန် ကြိုးစားခဲ့ကြသောကြောင့် နောက်ပိုင်းတွင် ပြင်ခွင့်မရကြောင်း သိရှိခဲ့သည်။ KPK သည် လာဘ်စားမှုကေ့စ်များကို စုံစမ်းစစ်ဆေးပြီး အရေးယူနိုင်သည်။ သို့မဟုတ်ရှေ့နေချုပ်ရုံးသို့လည်း လွှဲပေးနိုင်သည်။ ကော်မရှင်သည် ရှေ့နေချုပ်ရုံးက စတင်စစ်ဆေးပြီး အရေးယူသည့် အမှုများကိုလည်း လွှဲပြောင်းယူနိုင်သည့် အာဏာရှိသည်။

ကေ့မှ အကျိုးစီးပွားမဖြစ်စေရန် ဥပဒေက KPK ကို စုံစမ်းစစ်ဆေးသည့် အမှုတိုင်းကို ရုံတင်စစ်ဆေးရန် ညွှန်ကြားခဲ့သည်။ KPK ရုံး၊ ရှေ့နေချုပ်ရုံးနှင့် လတ်တလော တပ်လျှော့ချသည့် အင်ဒိုနီးရှား အမျိုးသားရဲတပ်ဖွဲ့စသည့် အေဂျင်စီ အချင်းချင်းကြား ပြိုင်ဆိုင်မှုလျော့နည်းစေရန် KPK ဥပဒေက KPK ရုံးကို ရဲစခန်းနှင့် ရှေ့နေချုပ်ရုံးမှ စုံစမ်းစစ်ဆေးရေးအရာရှိများနှင့် ရှေ့နေများကို လေးနှစ်စာချုပ် (နောက်ပိုင်းတွင် သက်တမ်း တစ်ခုပြီးလျှင် ထပ်ပြီးချုပ်ဆိုနိုင်) လိုအပ်သည်။ KPK သည် ဝန်ထမ်းများကို လွတ်လပ်စွာ ရွေးချယ်ခန့်အပ်နိုင်သည်။ KPK ဥပဒေသည် ဂျာကာတာ အခြေစိုက် Tipikor ဟု ခေါ်သည့် အထူးတရားရုံးကိုလည်း အဂတိလိုက်စားမှုကေ့စ်များအတွက် ဖွင့်လှစ်ခဲ့သည်။ ဥပဒေကြမ်းရေးဆွဲသူများသည် အဂတိလိုက်စားမှုတိုက်ဖျက်ရေး တရားရုံးကို ဖိလစ်ပိုင်တွင်တွေ့ခဲ့ပြီးနောက်ရေးဆွဲခဲ့ခြင်းဖြစ်သည်။အလားတူ တရားရုံး ပြုပြင်ပြောင်းလဲရေး ကျယ်ကျယ်ပြန့်ပြန့်ပြုလုပ်ရာတွင် ခြေကုပ်ယူနိုင်မည့် ဒေဂါလီခံခြင်း တရားရုံးကို ဖွင့်လှစ်ခဲ့သည်။

Tipikor တွင် တရားသူကြီးနှစ်မျိုးလုံး ပါဝင်နေပြီး တစ်မျိုးမှာ လုပ်ငန်းခွင်ဝင်တရားသူကြီးဖြစ်ပြီး နောက်တမျိုးမှာ ရှေ့နေနှင့် ဥပဒေပညာရှင်များကို သတ်မှတ်ချိန်များဖြင့် ခန့်အပ်ထားသော လာဘ်စားမှု နည်းပါးသည်ဟု ယူဆရသည့် ဆွဲခန့်တရားသူကြီး များဖြစ်သည်။ လုပ်ငန်းခွင်ဝင် တရားသူကြီး ၂ ဦးနှင့် ဆွဲခန့် တရားသူကြီးနှစ်ဦးပါဝင်သည့် အဖွဲ့က ကေ့စ်ကို စစ်ဆေးရသည်။ ကေ့စ်ကြားဖြတ် လာဘ်မထိုးနိုင်ရန်နှင့် အခြားအကြံများကို လျှော့ချနိုင်ရန် Tipikorက တရားခွင်တစ်ခုကို ခြောက်လအတွင်း ( နှစ်ကြိမ်ခန့်သာ ရုံးထုတ်) ပြီး ချက်ချင်း ပြစ်ဒဏ်ပေးရသည်။ KPK တရားစီရင်ရေးတွင်

မည်သည့်ပုံစံဖြင့် လာဘ်စားမှုမျိုးမဆို ပါဝင်နေပြီး အနည်းဆုံး နိုင်ငံ့ပါတီ တစ်ခု သို့မဟုတ် ပြည်သူ့ မကျေနပ်မှု တစ်ခု သို့ တစ်ဘီလံယန် ရှုပီးအထိ ငွေကြေးဆုံးရှုံးမှုစသည့် လာဘ်စားမှုတို့ကို အရေး ယူဖော်ထုတ်သည်။ စုံစမ်းစစ်ဆေးရေးမှာ ကင်း လွတ်ခွင့်ရှိသူများမှာ တပ်မတော်တွင် လက်ရှိ တာဝန်ထမ်းဆောင်နေသော တပ်မတော်သားများ သာဖြစ်ပြီး ၎င်းတို့အား တပ်ဘက် တရားစီရင်ရေး ခုံရုံးမှ ကိုင်တွယ်သည်။ KPK သည် တရားစီရင် ရာတွင် KPK ဥပဒေအရ ပြဌာန်းထားသော အချက် များကို ချိုးဖောက်မှု ရာဇဝတ်မှုအဖြစ်သတ် မှတ်သည်။ အချို့တက်ကြွသူများက အဆိုပါ ကန့် သတ်ချက်ကို ဥပဒေအခြေခံ အငြင်းပွားကြသည်။

KPK အေးဂျင့်များသည် ဖမ်းဆီးမှု၊ ရှာဖွေမှု၊ ထိန်း သိမ်းမှု၊ စုံစမ်းထောက်လှမ်းမှု၊ ပိုင်ဆိုင်မှုများ ရုပ် သိမ်းမှု၊ နိုင်ငံခြားခရီးထွက်ရန် သံသယရှိပါက တား မြစ်မှု၊ အခြားအစိုးရဌာနများနှင့် ပူးပေါင်းရန် တား မြစ်မှုတို့ကို ပြုလုပ်နိုင်သည်။ အငြင်းပွားစရာ အဖြစ် ဆုံးမှာ သူတို့သည် တရားစီရင်ရေးမှ ခွင့်ပြု ချက်မရခင် ဆက်သွယ်ရေးလမ်းကြောင်းများကို ဖြတ်တောက်ဖမ်းယူနိုင်သည်။ Sunaryadi က ပြော သည်မှာ ဥပဒေတွင် ပြစ်ဒဏ်တစ်ခုတည်းသာရှိ သည်။ ဘယ်သူကမှ အဲဒီပြစ်ဒဏ်တစ်ခုက အလွန် ကြောက်မက်ဖွယ်ကောင်းကြောင်း မသိကြဘူး။ ၁၉၉၇ နည်းပညာဆက်သွယ်ရေးဥပဒေသည် ရဲများ နှင့် ဖမ်းဆီးအရေးယူသူများအား ကြားဖြတ်နား ထောင်နိုင်သည့် လုပ်ပိုင်ခွင့်ပေးခဲ့သည်။ သူတို့က ဒီလုပ်ပိုင်ခွင့်ကို အသုံးချယုံတင်မကဘူး။ KPK ဒီစွမ်းရည်ပါတိုးတက်လာစေခဲ့တယ်ဟု Sunaryadi က မှတ်သားခဲ့သည်။

KPK ဩဇာကို ထိန်းကျောင်းရန် ဥပဒေက ပြဌာန်း ထားသည်မှာ ကော်မရှင်သည် သမ္မတ၊ လွှတ်တော် နှင့် စာရင်းစစ်ချုပ်သို့ အစီရင်ခံရမည်ဖြစ်ပြီး တစ်ဦး စီအား အစီရင်ခံစာများ ပွင့်လင်းမြင်သာပြီး ပုံမှန်ပေး ပို့ကြရမည်ဖြစ်သည်။

လွှတ်တော်သည် KPK ၏ ဘတ်ဂျက်ကိုလည်း ထိန်းချုပ်သည်။ လွှတ်တော်က ကော်မရှင်အဖွဲ့ဝင် များကို သမ္မတမှ ရွေးချယ်သည့် ၁ဂဦးကို အတည် ပြုသည်။ ထို ၁ဂဦးမှာ တရားစီရင်ရေးဝန်ကြီးဌာန အောက်ရှိ အစိုးရနှင့် ပုဂ္ဂလိက လူပုဂ္ဂိုလ်များပါဝင် သော ရွေးချယ်ရေးကော်မတီမှ စိစစ်ရွေးချယ် ပေးခြင်းဖြစ်သည်။ လွှတ်တော်က အကယ်၍ သမ္မတ ရွေးချယ်ပေးသူများသည် မသင့်လျော်လျှင် အသစ်ရွေးချယ်ရန် တောင်းဆိုနိုင်သည်။ အတည်ပြု ပြီးလျှင် ကော်မရှင်အဖွဲ့ဝင်များသည် လေးနှစ်သက် တမ်းတာဝန်ထမ်းဆောင်ရန် ကျမ်းကျိန်ကြရပြီး ရာဇဝတ်မှုမှအပ ထုတ်ပယ်မရပေ။

*ပထမဦးဆုံး ကော်မရှင်အဖွဲ့ဝင်များအား ရွေးချယ်ခြင်း*

တရားစီရင်ရေး ဝန်ကြီးဌာနမှ ဦးဆောင်သည့် ရွေးချယ်ရေးကော်မတီသည် အောက်တိုဘာ ၂ဂဂ၃ တွင် အစည်းအဝေးကျင်းပပြီး ဒီဇင်ဘာ အစော ပိုင်းတွင် မီဂါဝတီထံ အဆိုပြုသူများ တင်သွင်းရ သည်။ လွှတ်တော်မှ ဥပဒေအရ ရက်သတ်မှတ် သည့်နေ့ မကုန်မီ ဒီဇင်ဘာနှောင်းပိုင်းတွင် ငါးဦးကို အတည်ပြုသည်။ ယခင်ရဲချုပ်နှင့် လွှတ်တော် ကိုယ်စားလှယ်တစ်ဦးဖြစ်သည့် Taufiequrachman Rukiသည် မဲအများဆုံးဖြင့် အနိုင်ရပြီး ဥက္ကဌ ဖြစ်လာသည်။ Sunaryadi၊ ErryHardjapemekas၊ Tumpak Panggabean နှင့် Sjahruddin Rasulတို့မှာ ဒုတိယဥက္ကဌများဖြစ်လာကြသည်။ Ruki က ကော်မရှင်အဖွဲ့ဝင်များသည် ကောင်းမွန် ထိန်းညှိသည့် အဖွဲ့ကို ဖွဲ့စည်းနိုင်ခဲ့သည်။ သူက ကျွန်တော်တို့က အလွန် ကောင်းတဲ့ပေါင်းစည်း မှုပါ။ ကျွန်တော်မှာ အားကောင်းတဲ့ နိုင်ငံရေး နောက်ခံရှိတယ်။ လွှတ်တော်နှင့် အခြား အေဂျင်စီတွေနဲ့ ဆက်ဆံရေး ချောမွေ့စေနိုင် တယ်။ Erry [Hardjapemekas] က သူ့ရဲ့ နိုင်ငံပိုင် အဖွဲ့အစည်းတွေမှာ လုပ်ခဲ့တဲ့ အတွေ့အကြုံကြောင့် အုပ်ချုပ်ရေး စွမ်းရည်ကောင်းတယ်။

အတွေ့အကြုံရှိတဲ့ ရှေ့နေချုပ်ဖြစ်တဲ့ Panggabean က ဥပဒေကို ကောင်းကောင်းနားလည်ပြီး လာဘ် စားတဲ့ကေ့စ်တွေကို ဘယ်လို စုံစမ်းရမလဲဆိုတာ သိတယ်။ Rasul က စာရင်းစစ် နောက်ခံရှိပြီး စနစ်နှင့် ဗျူရိုကရေစီ အားနည်းချက်တွေကို သိတယ်။ Sunaryadi သည် အကြီးတန်း စာရင်းစစ် တစ်ဦးဖြစ်ပြီး နိုင်ငံခြားဥပဒေ ကျင့်သုံးမှုများနှင့် အရပ်ဘက်အဖွဲ့အစည်းများနှင့်လည်း အဆက် အသွယ်ရှိကာ ဘဏ္ဍာရေး ပြစ်မှုများ ဖော်ထုတ်ရာ တွင် အစိုးရနှင့် နိုင်ငံတကာအဖွဲ့အစည်းဖြစ်သည့် PricewaterhouseCoopers နှင့် အတွေ့အကြုံရှိ သည်။

အရပ်ဘက်အဖွဲ့အစည်းများနှင့် မီဒီယာသည် ထိုရွေးချယ်မှုကို မကျေနပ်ကြပေ။ Sunaryadi နှင့် Hardjapemekas တို့သာ အဂတိလိုက်စားမှုတိုက်ဖျက်ရေး မဟာမိတ်အဖြစ်သိကြသည်။ Ridaya က ပြန်ပြောသည်မှာ ရွေးချယ်တုန်းက လူတွေက အဖွဲ့ဝင်တွေနဲ့ ပတ်သက်ပြီး မပျော်ကြဘူး။ ဒါပေမယ့် အချိန်မီဘဲ သူတို့က ယုံကြည်စိတ်ချရတယ်ဆိုတာ သက်သေပြခဲ့တယ်။

ကော်မရှင်အဖွဲ့ဝင်များသည် ကေ့စ်များကို မကိုင်တွယ်မီ အဖွဲ့တွင်း စွမ်းဆောင်ရည် တည်ဆောက်ရန် မဟာဗျူဟာတစ်ရပ်ကို ကျင့်သုံးခဲ့သည်။ Ruki က ပြောကြားသည်မှာ ပထမအဆင့်က စွမ်းရည်တည်ဆောက်ရေးဖြစ်တယ်။ အဆောက်အအုံတွေ၊ နည်းစနစ်နှင့် အထောက်အကူတွေ ပြင်ဆင်ရတယ်။ ဒီမဟာဗျူဟာရဲ့ အားနည်းချက်က မျှော်လင့်ချက်ရှိနေတဲ့ ပြည်သူတွေအတွက် KPKက နောက်တွန့်နေတဲ့ပုံစံဖြစ်နေတယ်ဟု ပြောခဲ့သည်။

ကော်မရှင်သည် အစိုးရ အဂတိလိုက်စားမှုကို ချက်ချင်း အမြစ်လှန်ရန် လူထုဖိအားကို ရင်ဆိုင်ရသည်။ သို့သော် KPKသည် တရားဝင် စုံစမ်းစစ်ဆေးမှုများ ဆောင်ရွက်နေစဉ် ကေ့စ်များကို မရပ်တန့် နိုင်သောကြောင့် အေဂျင်စီသည် အဆင့်သင့်မဖြစ်မီ စုံစမ်းစစ်ဆေးပါက အရှက်တကွဲ ဖြစ်နိုင်သည့် အခြေအနေများကို စွန့်စားခဲ့ရသည်။ ထို့ကြောင့် ကော်မရှင်အဖွဲ့ဝင်များသည် ဝေဖန်မှုကို ရှောင်လွှဲပြီး ပထမဆုံး အရေးယူဖော်ထုတ်မှု မစတင်မီ အဖွဲ့အစည်းနှင့် လုပ်ထုံးလုပ်နည်းများကိုသာ တစ်နှစ်နီးပါး ပြင်ဆင်ခဲ့ကြသည်။ Ruki က ပြောသည်မှာ ရဲအကယ်ဒမီ သင်တန်းကျောင်းမှာ ကျွန်တော်တို့ကို ရှေ့တိုးဖို့မသင်ကြားဘဲ စောင့်ဆိုင်းဖို့ ဆန္ဒပြဖို့သာ သင်ကြားတယ်ဟု ပြောခဲ့သည်။

## လုပ်ငန်းစတင်ခြင်း

ကော်မရှင်အဖွဲ့ဝင်များ၏ စွမ်းရည်တည်ဆောက်ရေး မဟာဗျူဟာတွင် ဘက်စုံပါဝင်သည့် ချဉ်းကပ်နည်းလိုအပ်ပြီး ၄င်းတွင် နိုင်ငံတကာ အကောင်းဆုံးအလေ့အကျင့်များ၊ ပွင့်လင်းမြင်သာမှုတိုးမြှင့်ရေး၊ လူ့စွမ်းအား အရင်းအမြစ် ပြုပြင်ပြောင်းလဲရေး၊ ဂုဏ်သိက္ခာရှိသည့် ယဉ်ကျေးမှုတည်ဆောက်ရေးနှင့် နည်းပညာကိုလုပ်ငန်းခွင်များအတွင်း ပေါင်းစပ်ရေးတို့ ပါဝင်သည်။

### *အကောင်းဆုံး အလေ့အကျင့်များ အကောင်အထည်ဖော်ခြင်း*

အစမှ စ၍ ကော်မရှင်အဖွဲ့ဝင်များသည် နီးကပ်စွာ အလုပ်လုပ်ကြသည်။ Ruki က ပြောသည်မှာ ကျွန်တော်တို့မှာ ကွဲပြားမှုတွေ ရှိတာပေါ့။ တခါတလေ အရမ်းထက်တဲ့ ငြင်းခုံမှုတွေလည်း ရှိတယ်။ ဒါပေမယ့် ဂန်ထမ်းအနည်းငယ်ကသာ ဒီကွဲပြားမှုတွေကို ရှာတွေ့တယ်။ အဖွဲ့ဝင်များသည် အတွင်းပိုင်းနှင့် ပြည်သူရှေ့တွင် စည်းလုံးသည့် ရှေ့တန်းအဖြစ် ပုံဖော်နိုင်ရန် သတိထားကြသည်။

အငြင်းပွားမှုများ ဖြစ်နေသော်လည်း Hardjapemekas က ပြောသည်မှာ ဆုံးဖြတ်ချက်တိုင်းကို ဘယ်သူလုပ်လည်းဆိုတာ မပြောပါဘူး။ အရေးကြီးတဲ့ မဟာဗျူဟာ ဆုံးဖြတ်ချက် တစ်ခုနှစ်ခုက ကော်မရှင်ကို အဆုံးသတ်စေနိုင်တယ်။ ဥပဒေက ပြဋ္ဌာန်းထားတာက ကျွန်တော်တို့က ဆုံးဖြတ်ချက်တွေကို ပေါင်းလုပ်ရမယ်။ ဒါပေမယ့် ဥက္ကဋ္ဌကတော့ ညီတူညီမျှထက် ဦးစားပေးခဲ့တယ်။ အလွန်နည်းတဲ့ အခါလောက်ဘဲ ကော်မရှင်အဖွဲ့ဝင်တွေ သဘောမတူတဲ့အခါ သူတို့က မဲအများစုနဲ့ ဆုံးဖြတ်တာရှိတယ် ဟုပြောခဲ့သည်။

KPK ၏ ပထမဆုံးလများတွင် ကော်မရှင်ဝင်များသည် အစောပိုင်းကာလ ဂန်ထမ်းများနှင့် စံသတ်မှတ်ထားသော လုပ်ထုံးလုပ်နည်းများ standard operating procedures (SOPs) ကို ပုဂ္ဂလိကကဏ္ဍနှင့် နိုင်ငံခြား အဂတိလိုက်စားမှုတိုက်ဖျက်ရေး အေဂျင်စီများ၏ အကောင်းဆုံးအလေ့အကျင့်များကို အခြေခံပြီး ရေးဆွဲခဲ့ကြသည်။ Hardjapemekas နှင့် Sunaryadi သည် ၄င်းတို့ ပုဂ္ဂလိကကဏ္ဍ အပေါ်တွင် အခြေခံပြီး မဟာဗျူဟာ ရေးဆွဲခြင်း၊ ဘဏ္ဍာရေးနှင့် လူ့စွမ်းအားအရင်းမြစ် မူဝါဒတို့ကို ချမှတ်ခဲ့သည်။

ကော်ပိုရိတ် အရာရှိကြီးများကဲ့သို့ပင် Hardjapemekas က ပြောသည်မှာ ကော်မရှင်သည် လူ့စွမ်းအားပေါ် အခြေခံပြီး စံလုပ်ထုံးလုပ်နည်းများ၊ သတ်မှတ်ချက်များကို ထိန်းချုပ်စနစ်များတွင် ထည့်သွင်းနိုင်ခဲ့သည်။ သူက ပုဂ္ဂလိက ကဏ္ဍနှင့် ဆက်ဆံရေးတွင်လည်း အပြန်အလှန်ရှိပြီး ကျွန်တော်တို့ ပုဂ္ဂလိ

ကဏ္ဍက အကြံပေးတယ်။ ကျွန်တော်တို့ကလည်း ကော်ပိုရိတ်အုပ်ချုပ်ရေး မြှင့်တင်ဖို့ အကြံပေးတယ်။ စီးပွားရေးလုပ်ငန်းများမှ ဒေသအကြံပေးများသည် KPK ကို စံလုပ်ထုံးလုပ်နည်းများကို ခေတ်ပြိုင် ကော်ပိုရိတ် အလေ့အကျင့်များနှင့် တပြိုင်တည်း လုပ်ဆောင်နိုင်ရန် ကူညီခဲ့ကြသည်။

ကော်မရှင်၏ နိုင်ငံခြားအကူအညီများ စီမံခန့်ခွဲသည့် အကြံပေး Nugroho က ပြောသည်မှာ ကော်မရှင်သည် နိုင်ငံတကာ မှ အလွန်မြင့်သော ပံ့ပိုးမှု ရရှိခဲ့သည်။ ဟောင်ကောင်၊စင်ကာပူ၊ ဂျပန်နှင့် တောင်ကိုးရီးယားမှ အဂတိလိုက်စားမှု တိုက်ဖျက်ရေး အေဂျင်စီမှ ကူညီခဲ့ကြသည်။ Nugroho က ကော်မရှင်အဖွဲ့ဝင်တွေက သူကို့ ညွှန်ကြားထားသည်မှာ နိုင်ငံ့တကာမှ အလေ့အကျင့်ကောင်းများကို အင်ဒိုနီးရှား ဥပဒေနှင့် ကိုက်ညီလျှင် ယူရမည်ဟု ပြောခဲ့သည်။

အင်ဒိုနီးရှား၏ အကြီးဆုံး အလှူရှင်ဖြစ်သည့် သြစတြေးလျကလည်း နည်းပညာ အကူအညီများ ပေးပြီး ဥပဒေ ပညာရှင်များ၊ ပြစ်ဒဏ်ပေးမှုနှင့် စီမံခန့်ခွဲမှု၊ လုပ်ထုံးလုပ်နည်းများ ရေးဆွဲရန်နှင့် ဝန်ထမ်းများ လေ့ကျင့်သင်ကြားရန် ပံ့ပိုးပေးသည်။

*တရားရုံးတွင်း ပွင့်လင်းမြင်သာမှုရှိစေခြင်း*

အားကောင်းသော ဌာနတွင်း မူဂါဒများရှိသော်လည်း ကော်မရှင်အဖွဲ့ဝင်များသည် တရားစီရင်ရေး ကဏ္ဍသည် ၄င်းတို့ကေ့စ်များ အထူးသဖြင့် သြဇာကြီးသည့် တရားခံများကို တရားစွဲဆိုရသည့် အချိန်တွင် အားနည်းသွားမည်ကို စိုးရိမ်ကြသည်။ တရားခွင် စည်းမျဉ်းများ တင်းကြပ်လာစေရန် Sunaryadi သည် တရားရုံးတွင်း ဖြစ်ပျက်မှုများကို မှတ်တမ်းတင်ရန် ကြိုးပမ်းခဲ့သည်။ ထိုအဖြစ်မှာ ဥပဒေအရ တရားဝင်ဖြစ်သောလည်း အင်ဒိုနီးရှားတွင် ထုံးတမ်းစဉ်လာ မဟုတ်ပေ။ တရားရုံးဖြစ်စဉ်များကို မှတ်တမ်းတင်ခြင်းဖြင့် KPK သည် တရားစီရင်ရာတွင် လျစ်လျူရှုမှုများ၊ မှားယွင်းစွာ ဆောင်ရွက်မှု၊ မသင်္ကာစရာ အခြေအနေပုံစံများကို ခြေရာခံနိုင်သည်။ စမ်းသပ်သည့်ကေ့စ်တစ်ခုအဖြစ် Sunaryadi တောင်ဂျကာတာ ပြည်နယ်ခရိုင် တရားရုံး တရားသူကြီး တစ်ဦးအား တရားခွင်ကို မှတ်တမ်းတင်ရန် ၂၀၀၄ အစောပိုင်းတွင် ခွင့်တောင်းခဲ့သည်။ Sunaryadi က ပြောသည်မှာ တရားရုံးဆိုတာ ရှေ့နေချုပ် သချိုင်းဘဲ။ ဘာကြောင့်လဲဆိုတော့ တရားစွဲတဲ့သူတွေက အဂတိလိုက်စားမှုကေ့စ်အကြီးတွေမှာ ရှုံးနိမ့်ကျတယ်။ တရားသူကြီးသည် ခွင့်ပြုယုံသာမက တရားခွင်ကို မှတ်တမ်းတင်ရန် ငါးရက်ခန့်အလိုတွင် ပြောခဲ့သဖြင့် တရားစွဲသူများမှာ အံ့သြခဲ့ကြရသည်။ အီလက်ထရောနစ် ဖန်တီးသူ Sony Corp., မှ ဒေသအကြံပေးများ အကြံပေးချက်အရ Sunaryadi က ရုပ်သံမှတ်တမ်းများကို ဒီဗွီဒီ ပြုလုပ်ရန်နှင့် အခွေပွားရန် မိုဘိုင်းကိရိယာဖြင့် ဆောင်ရွက်ခဲ့သည်။

ထိုပစ္စည်းကို ဆိုနီပညာရှင်က အရင်စမ်းသပ်ကြည့်ပြီး နောက်ပိုင်းတွင် KPK ဝန်ထမ်းသို့ လွှဲပေးခဲ့သည်။ တရားခွင်ရက်တိုင်းတွင် ပညာရှင်သည် စောစောရောက်ပြီး တရားခွင်ပတ်လည်တွင် ကင်မရာ လေးလုံးတပ်ဆင်သည်။ မှတ်တမ်းတင်မှုများ စစ်ဆေးပြီးနောက် ပစ္စည်းများ ဖြုတ်သိမ်းကာ တနေ့တာ ကြားနာမှု ကော်ပီများကို တရားသူကြီး၊ စာရေး၊ ခုခံသူ၊ တရားစွဲသူနှင့် KPK တို့သို့ ပေးအပ်ခဲ့သည်။ နောက်ပိုင်းတွင် KPK ၏ သတင်းအချက်အလက်နည်းပညာဝန်ထမ်းက မလျော်ကန်သော ဆောင်ရွက်မှုများ ရှာတွေ့ရန် အဆိုပါဗွီဒီယိုကိုကြည့်ခဲ့သည်။ ထို့နောက် KPK အဖွဲ့ကို ၄င်းတို့ တရားရုံးစွမ်းရည်မြင့်တက်လာစေရန် အခွင့်အလမ်းများ ရှာခဲ့သည်။ ကင်မရာများက တရားခွင်တွင်းဖြစ်စဉ်များ ရိုးသားမှန်ကန်စေရန် ကူညီခဲ့ပြီး တရားစွဲသူများသည် သက်သေပေါ်မှုတည်ပြီး အနိုင်သော်လည်းကောင်း အရှုံးသော်လည်းကောင်း ရင်ဆိုင်ကြရသည်ဟု Sunaryadi က ပြောခဲ့သည်။ ပထမစမ်းသပ်ကေ့စ်တွင်ပင် Sunaryadi က ပြောသည်မှာ KPK ဝန်ထမ်းတစ်ယောက်က မှတ်ချက်ချသည်မှာ ရဲများနှင့် စစ်ဆေးသူများက တစ်စုံတစ်ယောက်ကို ကွယ်ပုက်ထားသည်ဟု မှတ်ချက်ချခဲ့သည်။ တရားရုံးများတွင် သက်သေများအားလုံးက အမည်တစ်ခုကို ဖော်ပြသော်လည်း ရဲများက ထိုအမည်ကို မစစ်ဆေးကြပေ။ ဒီသက်သေက စစ်ဆေးမှု လိုအပ်တယ်။ သေချာတာက ကြယ်သုံးပွင့်ရှိတဲ့ ရဲအရာရှိ တစ်ယောက်ကို ထောင်ချမှာ ဖြစ်နေလို့ပါ။ အချိန်ကြာလာသည်နှင့်အမျှ KPK သည် တရားရုံးမှတ်တမ်းတင် ကိရိယာများမှ ပိုမိုဆည်းပူးသိရှိလာသည်။

*နိုင်ငံ့ဝန်ထမ်း စည်းမျဉ်းစည်းကမ်းများမှ ကင်းလွတ်ခွင့်ရရန် သေချာခြင်း*

ကော်မရှင်ဝင်များက အင်ဒိုနီးရှား နိုင်ငံ့ဝန်ထမ်း ဥပဒေများသည် ဆူဟာတိုခေတ် အမွေအနှစ်များ ဖြစ်ပြီး ခေတ်သစ် စွမ်းရည်အခြေပြု စီမံခန့်ခွဲမှုနှင့် မကိုက်ညီပေ။ Ruki က စည်းမျဉ်းများကို မှားယွင်းသော စနစ်၊ ကျရှုံးသောစနစ်၊ ဆိုးဝါးသော စနစ်ဟု ခေါ်ခဲ့သည်။ စည်းမျဉ်းများသည် တီထွင်ဆန်းသစ်မှုများကို အားမပေးဘဲ လုပ်ရည်ကိုင်ရည်ပေါ် အခြေခံသည့် ရာထူးတိုးနှင့် ငွေကြေးဘောနပ်စ်များ ခံစားခွင့်မပြုပေ။

ကော်မရှင်ဝင်များသည် ပုဂ္ဂလိကကဏ္ဍမှ အကောင်းဆုံး အလေ့အကျင့်များကို လေ့လာပြီး လူ့စွမ်းအား အရင်းအမြစ်ပုံစံတစ်ခု ဖော်ထုတ်ခဲ့ကြသည်။ Sunaryadi နှင့် Hardjapemekas က စီမံကိန်းကို ခြုံငုံကြည့်ပြီး ၎င်းတို့ ကော်ပိုရိတ်အတွေ့အကြုံများ အခြေခံပြီး အကြံပေးများ ငှားရမ်းခဲ့သည်။ အဓိကလေကြောင်းလိုင်းတစ်ခု၏ လူ့စွမ်းအားအရင်းအမြစ်ကို စီမံခန့်ခွဲခဲ့သည့် Tina Kemala ကို လူ့စွမ်းအား အရင်းအမြစ် ဒါရိုက်တာအဖြစ် ၂၀၀၅ ခုနှစ်မေလတွင် ငှားရမ်းခဲ့သည်။

ပထမတွင် KPK သည် သူ၏ လူ့စွမ်းအား မူဝါဒကို ဥပဒေအာဏာတည်စေရန် လိုအပ်နေသည်။ သီအိုရီအရ KPKဥပဒေသည် ဩဇာအာဏာရှိသော်လည်း လုပ်ပိုင်ခွင့်မှာ ဝေဝါးနေသည်။ Sunaryadi ကပြောသည်မှာ အခက်ဆုံးက အုပ်ချုပ်ရေး ပြုပြင်ပြောင်းလဲရေး ဝန်ကြီးဌာနကို စည်းရုံးသိမ်းသွင်းရတာပါ။

ကံဆိုးစွာဘဲ အဲဒီဌာနကလူတွေက ပြောင်းလဲချင်စိတ် မရှိဘူး။ ကျွန်တော်တို့ အရည်အချင်းနှင့် စွမ်းဆောင်ရည်ပေါ် မူတည်သည့် လူ့စွမ်းအား အရင်းအမြစ်စနစ်တစ်ခု တည်ထောင်ဖို့ အကြံပြုတိုင်း သူတို့ပြောတာက အခုလက်ရှိ စည်းမျဉ်းစည်းကမ်းအောက်မှာ လုပ်လို့မရဘူးဟု ပြန်ပြောခဲ့သည်။

၂၀၀၄ အစောပိုင်းတွင် KPK ဥပဒေသည် ကော်မရှင်ကို လက်ရှိ ဝန်ထမ်း စည်းမျဉ်းစည်းကမ်းအောက်မှ ကင်းလွတ်ခွင့်ပေးသည်ဟု အငြင်းပွားနေသဖြင့် Sunaryadi က MenPAN ဝန်ကြီးဌာနကို KPK အတွက်သာ အကျုံးဝင်မည့် အစိုးရ စည်းမျဉ်းစည်းကမ်းတစ်ခုပြဌာန်းပေးရန် တောင်းဆိုခဲ့သည်။ MenPAN ကငြင်းခဲ့သည်။ နောက်၁၈လအကြာတွင် Sunaryadi က ထပ်မံတောင်းဆိုခဲ့သည်။ ကျွန်တော်တို့တင်ပြတယ်။ဆွေးနွေးတယ်။ ငြင်းခုံတယ်။ တောင်းပန်တယ်။ KPK အရာရှိများက သူတို့၏ သေးငယ်သော အေဂျင်စီအသစ်သည် ပြုပြင်ပြောင်းလဲရေးများအတွက် စံနမူနာ ဓာတ်ခွဲစမ်းသပ်ခန်းအဖြစ် သုံးနိုင်ပြီး MenPAN အနေဖြင့် နောက်ပိုင်းတွင် တစ်နိုင်ငံလုံးသို့ တိုးချဲ့နိုင်မည်ဖြစ်သည်။ Sunaryadi ခေါင်းရှုပ်သည်မှာ ဝန်ကြီးဌာနက လက်ရှိစနစ်ကို ညည်းညူနေသော်လည်း အပြောင်းအလဲကိုမူ ငြင်းဆန်နေသည်။

စက်တင်ဘာ၂၀၀၅ တွင် ညစ်ညူးနေသော KPK အရာရှိများသည် အခြေအနေကို အရှိန်မြှင့်လိုက်သည်။ Sunaryadi က ပြောသည်မှာ ကျွန်တော်တို့က အရမ်းခက်တဲ့အခြေအနေပါ။ သူသည် MenPAN ခေါင်းဆောင် အိမ်သို့ သွားရောက်ပြီး ခင်ဗျားဒါကို ရွေးချယ်ရမယ်။ ခင်ဗျား ကျွန်တော်တို့ထောက်ခံတဲ့သူလုပ်မလား။ ရန်သူ လုပ်မလား။ ခင်ဗျားမှာ အမှန်မဟုတ်တဲ့ အသုံးစရိတ်တွေရှိနေတယ်။ ခင်ဗျားဒီအစိုးရ စည်းမျဉ်းကို သဘောမတူရင် ကျွန်တော် စုံစမ်းရလိမ့်မယ်ဟုပြောခဲ့သည်။ Sunaryadi က ယခုကဲ့သို့ ပြင်းထန်သည့် နည်းလမ်းများ သုံးသည်မှာ လျော်ကန်သည်ဟု ယူဆသည်။ MenPAN ၏ ခေါင်းမာမှုသည် သူရေးဆွဲခဲ့သည့် KPKဥပဒေ၏ စိတ်ဓာတ်ရေးရာကို ချိုးဖောက်နေသည်။ သူယုံကြည်သည်မှာ KPK သည် လက်ရှိဝန်ထမ်းစည်းမျဉ်းများအောက်တွင် လုပ်ကိုင်ရပါက အောင်မြင်မှုမရနိုင်ဟု ယုံကြည်နေသည်။

Ruki၊ Kemala နှင့် MenPAN ခေါင်းဆောင် တို့၏ နိုဝင်ဘာ အစည်းအဝေးတွင် သူ့ကို ပိုမိုပျော့ပြောင်းလာစေသည်။ Kemala က ပန်ကြားသည်မှာ ကျွန်တော်တို့ စည်းမျဉ်းအသစ်သုံးဖို့ ယုံကြည်ပါ။ အဲဒါ အလုပ်ဖြစ်ရင် ခင်ဗျားတို့ တခြားအေဂျင်စီတွေမှာ ကျင့်သုံးနိုင်တယ်။ နောက်ဆုံးတွင် MenPAN ကအလျှော့ပေးလိုက်ရပြီး ဒီဇင်ဘာတွင် သမ္မတသည် KPK အတွက်သာ သုံးမည့် အစိုးရ သစ်စည်းမျဉ်းကို လက်မှတ်ထိုးခဲ့ပြီး ဥပဒေအောက်တွင် ဆောင်ရွက်မည့် အမိန့်အာဏာ ပြဌာန်းပေးခဲ့သည်။

ထိုစည်းမျဉ်းအသစ်သည် KPK သည် စနစ်သစ် တိုးတက်မှုအခြေအနေနှင့် တွေ့ကြုံရသော ပြဿနာများကို နှစ်စဉ်နှစ်တိုင်း အစီရင်ခံရမည်ဖြစ်ပြီး အစိုးရအဖွဲ့ ၇ ခုမှ ကိုယ်စားလှယ်များက အစီရင်ခံစာကို အကဲဖြတ်ကြမည်ဖြစ်သည်။ KPK သည် အဓိက စစ်ပွဲကို အောင်နိုင်ခဲ့ပြီး ဖိအားမှာ ဆုံးဖြတ်ချက်ချမည့် ဉာဏ်ပညာကို ပြသရမည်ဖြစ်သည်။

*လူ့စွမ်းအား အရင်းအမြစ် စနစ်အသစ် တည်ဆောက်ခြင်း*

၂၀၀၆ ခုနှစ်အတွင်း KPK ၏ အောင်မြင်ရန် ခက်ခဲသည့် ဥပဒေ လွတ်ကင်းမှုကြောင့် လူ့စွမ်းအား အရင်းအမြစ်စနစ်အသစ်ကို ညှိနှိုင်းနိုင်ခဲ့သည်။ ၄င်းတွင် ရွေးချယ်ခန့်ထားရေး၊ အကျိုးခံစားခွင့်များနှင့် စွမ်းရည်အခြေခံ စီမံခန့်ခွဲရေးစသည်တို့ကို ပြောင်းလဲထားသည်။

KPK သည် လွတ်လပ်သော အကြံပေးတစ်ဦးကို အွန်လိုင်းမှတဆင့်အလုပ်ရွေးချယ်ခန့်ထားသည့် စနစ်ကို စီမံရန် ယှဉ်ပြိုင်တင်ဒါခေါ်ခဲ့သည်။ Kemala သည် အကြံပေးနှင့် တွေ့ဆုံပြီးနောက် သူသည် ၂၀၀၅ နောက်ပိုင်းတွင် ကော်မရှင်အဖွဲ့ဝင်များနှင့် ရေးဆွဲထားသော စွမ်းဆောင်ရည် လမ်းညွှန် ကို အခြေခံပြီး လုပ်ငန်းဖော်ပြချက် Job descriptions ကို ရေးသားခဲ့သည်။ Kemala က အကြံပေးအား ဖြစ်စဉ်တစ်ခုလုံးကို မလွှမ်းမိုးရန် လမ်းညွှန်မှု အကြီးအကျယ်ပေးခဲ့သည်။ သူက ထိုဖြစ်စဉ်ကို ထမင်းချက်သည့်ဖြစ်စဉ်နှင့် နှိုင်းယှဉ်ပြောခဲ့သည်။ အရမ်းလည်း မငံဘူး။ အရမ်းလည်း အမွှေးအကြိုင်မများဘူး။ တကယ်လို့ ကျွန်မတို့က ပါဝင်ပစ္စည်းတွေကို မှားပေးလိုက်ရင် အကြံပေးကလည်း လူကိုမှားခေါ်လိမ့်မယ်ဟုပြောခဲ့သည်။

ဖြစ်စဉ်တစ်ခုလုံး စံချိန်မီရန်နှင့် ကွန်ပြူတာတတ်သူများဖြစ်ကြောင်း သေချာရန် လျှောက်ထားသူများအားလုံး အွန်လိုင်းမှလျှောက်ရသည်။ အကြံပေးက လျှောက်ထားသူတစ်ယောက်စီကို လုပ်ရည်ကိုင်ရည်၊ ကြံ့ခိုင်မှု၊ စိတ်နေသဘောထားနှင့် တည်ကြည်မှု integrity ကို စစ်ဆေးသည့် မေးခွန်းများ မေးခဲ့သည်။ ထိုလိုအပ်ချက်များမှ ရာထူးတစ်ခုချင်းစီအလိုက်ကွဲပြားသော်လည်း လျှောက်ထားသူများသည် တည်ကြည်မှုတွင် အမှတ်ပြည့်ရရန် လိုအပ်သည်။ Kamala က ပြောသည်မှာ လျှောက်ထားသူသည် အကယ်၍ တည်ကြည်မှု integrity တွင် တစ်မှတ်နည်းသွားပင်လျှင် လက်ခံမရပေ။ သူတို့သည် ညပိုင်းနှင့် အားလပ်ရက်များတွင်ပင် အလုပ်လုပ်နိုင်ရမည်။ ကျွန်မတို့က ၈နာရီ က ၅နာရီ အထိကြားဖြတ်လုပ်တဲ့သူတွေ မလိုချင်ဘူးဟု ပြောခဲ့သည်။

အကြံပေးက လျှောက်ထားသူများထဲမှ စကာတင်ရွေးချယ်ပြီးမှသာ KPK အရာရှိများ လူရွေးချယ်ရန် စတင်စစ်ဆေးသည်။ ကော်မရှင်အဖွဲ့ဝင်များနှင့် အကြီးတန်းအရာရှိများက နောက်ဆုံးကျန်ရှိသူများကို အင်တာဗျူးပြီး Kemala က KPK နှင့် အဖွဲ့၏ တန်ဖိုးထားမှုများအကြောင်း တင်ပြသည်။ သူမက ပြောသည်မှာ ကျွန်မတို့က လူတွေကို KPK နှင့် လုပ်တာမှာ ကောင်းတာရောဆိုးတာရော ပြောပြတယ်။ သူတို့နားလည်ပြီး သဘောတူဖို့ လိုတယ်ဟုပြောသည်။ သူမကဆက်ပြောသည်မှာ လျှောက်ထားသူများထဲမှ ငွေကြေးကြောင့် လျှောက်ထားသူများကို ပယ်ချခဲ့ကြောင်း ဥပမာ တချို့ လစာမြင့်မြင့်ရရန် ညှိနှိုင်းသူများကို ပယ်ချခဲ့သည်။ သူမက ပြောသည်မှာ သူတို့တွေက မကျေနပ်လျှင် နှစ်မြှုပ်ပြီး လုပ်နိုင်မှာ မဟုတ်ဘူးဟု ပြောခဲ့သည်။ အလွန်ရွေးချယ်ခဲ့သည့် ဖြစ်စဉ်တစ်ခုဖြစ်သည်။ ပထမနှစ်တွင် KPK သည် ရာထူးနေရာ ၁၀၀ အတွက် လျှောက်လွှာပေါင်း ၁၂၀၀၀ လက်ခံရရှိသည်။ ၂၀၁၀တွင် လျှောက်လွှာများမှာ ၄၅၀၀၀ အထိမြင့်တက်လာသည်။ Kemala က ပြန်ပြောင်းပြောဆိုသည်မှာ အဆင့်မြင့်ရာထူး တစ်နေရာအတွက် လျှောက်လွှာပေါင်း ၈၀၀ လက်ခံရပြီး အားလုံး ကို ပယ်ချခဲ့ရတယ်ဟု ပြောခဲ့သည်။

လျှောက်ထားသူများ စိတ်ဝင်စားရခြင်း အချက်သုံးချက်ရှိသည်။ ပထမတစ်ချက်မှာ အောင်မြင်မှုကြောင့် အောင်မြင်မှု ထပ်ရလာသည်။ KPK သည် အောင်မြင်မှုနှင့် ပရော်ဖက်ရှင်နယ် ဂုဏ်သိက္ခာရှိလာသည့်အခါ လူများ ပိုမိုဝင်ရောက်လိုကြသည်။ ၂၀၀၈ တွင် ၄င်းသည် မီဒီယာမှ ကြေငြာသည့် အင်ဒိုနီးရှားက ခေါ်နေတယ်ဟုခေါ်သည့် ကမ်ပိန်းတစ်ခုပြုလုပ်ပြီး လျှောက်ထားသူများ၏ မျိုးချစ်စိတ်ဓာတ်ထက်သန်လာပြီး နိုင်ငံတော်အဆင့် အဂတိလိုက်စားမှု တိုက်ဖျက်ရေး ဆောင်ရွက်ကြရန် လှုံ့ဆော်ခဲ့သည်။ ၈၅ ရာထူးနေရာအတွက် လူဦးရေ ၂၈၀၀၀ လျှောက်ထားခဲ့ပြီး ၂၀၀၀ခန့်က

စီမံခန့်ခွဲရေး နေရာ ၇ခုအတွက် လျှောက်ထားခဲ့ကြပါသည်။ ဒုတိယတွင် KPK သည် ရုံးပတ်ဝန်းကျင်နှင့် တင်းကျပ်သည့် ကျင့်ဝတ်စံနှုန်းများကြောင့် အခြားအဖွဲ့အစည်းများ၏ ယဉ်ကျေးမှုကို မယုံကြည်ကြသည့် ရဲအရာရှိများနှင့် ရှေ့နေများအား အဖွဲ့ဝင်ရန် ဆွဲဆောင်နေသည်။ Kemala က အလုပ်ခန့်အပ်ခံရသည့် လျှောက်ထားသူတစ်ဦးက သူမကိုပြောသည်မှာ ကျေးဇူးတင်ပါတယ်။ အခု ကျွန်မလာဘ်စားစရာမလိုတော့တဲ့ အဖွဲ့တစ်ခုကို ပြောင်းရွှေ့လာရလို့ပါဟု ပြောခဲ့သည်။

တတိယတွင် ဝန်ထမ်းများသည် အခြား အေဂျင်စီများတွင် လုပ်နေသည့် အဆင့်တူဝန်ထမ်းများထက် လုပ်ခလစာပိုရသောကြောင့်ဖြစ်သည်။ Kemala စကားအရ ဝန်ထမ်းများသည် ပုဂ္ဂလိကကဏ္ဍမှ ဈေးကွက်နှုန်းထားအတိုင်း လစာရကြသည်။ သို့သော် အခြား နိုင်ငံ့ဝန်ထမ်းများကဲ့သို့ မူ KPK ဝန်ထမ်းများသည် ထောက်ပံ့ကြေးများနှင့် အခြား ခံစားခွင့်များမရကြပေ။ ကော်မရှင်ပြင်ပတွင် အခြား အခကြေးငွေယူပြီး အလုပ်လုပ်လျှင် တားမြစ်ခံကြရသည်။ အရေးကြီးသော ပြုပြင်ပြောင်းလဲရေးတစ်ခုမှာ KPK သည် ဝန်ထမ်းများအား ၎င်းတို့သုံးသည့် လိုအပ်သည့် ကုန်ကျစရိတ်များကို ပြန်ထုတ်ပေးသည်။ အခြားအေဂျင်စီများမှာ ကေ့စ်တစ်ခုချင်းစီအလိုက် သတ်မှတ်ထားသော ငွေလုံးပေါင်းကိုသာ ချပေးပြီး သုံးစွဲရသည်။ ထိုမူဝါဒကြောင့် ဝန်ထမ်းများမှာ ခရီးသွားရာတွင် ချွေတာပြီး ကေ့စ်လျှင်မြန်စွာ ပြီးစီးစေရန် ဆောင်ရွက်ကြပြီး ပိုငွေများကို ၎င်းတို့အိတ်ထဲထည့်ကြသည်။ Sunaryadi ကပြောသည်မှာ နှစ်နှစ်ကြာပြီးနောက် ကျွန်တော်တို့ ဒီ အသုံးစရိတ်ကုန်ကျငွေ စနစ်အောင်မြင်လာတယ်။ ဘဏ္ဍာရေးဝန်ကြီးဌာနက စည်းမျဉ်းအသစ်ပြဋ္ဌာန်းပြီး အခြား ဝန်ကြီးဌာနတွေအကုန်လုံးကို ခရီးသွားရာမှာ ဒီစနစ်အတိုင်း ကျင့်သုံးဖို့ ပြဋ္ဌာန်းခဲ့တယ်ဟု ပြောကြားခဲ့သည်။

ဝန်ထမ်းသစ်များသည် လက်တော့ကွန်ပြူတာများရရှိပြီး KPK လုပ်ငန်းများ၊ ဆက်သွယ်ရေးများ၊ အသိပညာနှင့် အွန်လိုင်း လူစွမ်းအား အရင်းအမြစ်တို့ကို သင်ကြားကြရသည်။ စစ်ဆေးသူများနှင့် တရားစွဲသူများသည်လည်း ဩစတြေးလျ၊ ဟောင်ကောင်၊ အမေရိကားနှင့် ဉရောပမှ ဥပဒေကြောင်းအရအရေးယူဆောင်ရွက်သည့် အရာရှိများပို့ချသော အဆင့်မြင့်သင်တန်းများ တက်ကြရသည်။ ၂၀၀၅ ခုနှစ်မှတစတင်ပြီး KPKသည် ဩစတြေးလျ နိုင်ငံတကာဖွံ့ဖြိုးရေး အေဂျင်စီနှင့် ပူးပေါင်းပြီး ၅နှစ် စီမံကိန်းရေးဆွဲကာ သင်တန်းစနစ်ကို ခေတ်မီအောင်ကြိုးစားခဲ့သည်။ ဌာနတွင်း အဆင့်မြင့်သင်တန်းများ ပို့ချခြင်းနှင့် ဒေသတွင်း တက္ကသိုလ်များနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။ Kemala က ကျွန်တော်တို့နှစ်တိုင်း တိုးတက်လာတယ်ဟု ပြောကြားခဲ့သည်။ ဝန်ထမ်းများသည် နိုင်ငံခြားတွင် သင်တန်းများတက်ရောက်ရန် အခွင့်အရေးရပြီး KPKက ထိုဝန်ထမ်းများအား ၎င်းတို့အသိပညာများကို ဌာနတွင်း ယူနစ်များနှင့် ကျန်ဝန်ထမ်းများကို ပြန်လည်မျှဝေစေသည်။

၂၀၀၆ ဇန်နဝါရီလတွင် KPK ဝန်ထမ်းအားလုံးသည် အွန်လိုင်းမှတပြိုင်နက်တည်း အစီရင်ခံသည့် စနစ်မှတဆင့် ၎င်းတို့ နေ့စဉ်လုပ်ငန်းများကို ကြီးကြပ်ကြသည်။ လုပ်ငန်းမပြီးသောဝန်ထမ်းများသည် သူတို့လစာကို ယာယီရပ်ဆိုင်းခံကြရသည်။ Kemala ကပြောသည်မှာ IT ဝန်ထမ်းက ဒီစနစ်ကိုစီစဉ်ပြီး လက်ကိုင်ဖုန်းတကဆင့် အချိန်ဇယားမှာ ဖြည့်လို့ရတယ်။ အဲဒါကြောင့် ဝန်ထမ်းတွေဟာ မဖြည့်ဘဲ မနေကြရဘူးဟုပြောကြားခဲ့သည်။ ဝန်ထမ်းအချိန်ဇယားသည် KPK ဝန်ထမ်းများကို လုပ်ငန်းကြိုတင်ပြင်ဆင်ရာတွင် အထောက်အကူပြုပြီး ဝန်ထမ်းအားလုံးတွင် ညီမျှသည့် အလုပ်ပမာဏရှိကြပြီး နောက်ထပ်မံခေါ်ယူမည့် ဝန်ထမ်းများအတွက် ဦးစားပေးအစီအစဉ်များ ပြုလုပ်ရာတွင်လည်း ထောက်ပံ့ပေးသည်။

ဒီဂျစ်တယ် အချိန်ဇယားများသည် ဝန်ထမ်းများစွမ်းဆောင်ရည်အကဲဖြတ်ရာတွင်လည်း အထောက်အကူပြုသည်။ ညီမျှသည့် အမှတ်ပေးစနစ်ကို ၂၀၀၆ နှောင်းပိုင်းတွင် အကြီးတန်း စီမံခန့်ခွဲရေးရာတွင် အသုံးပြုခဲ့ပြီး နောက်တစ်နှစ်တွင် ဌာနတစ်ခုလုံးတွင် ကျယ်ပြန့်စွာ ကျင့်သုံးခဲ့ကြသည်။ ထို စီမံခန့်ခွဲရေး ကိရိယာကို ၁၉၉၀ ပြည့်အစောပိုင်းကာလများတွင် အမေရိကန်ပြည်ထောင်စုတွင် စတင်ခဲ့ပြီး နောက်ပိုင်းတွင် ကမ္ဘာတစ်ဝှမ်းလုံးရှိ ပုဂ္ဂလိကနှင့် အစိုးရကဏ္ဍများတွင် ကျယ်ပြန့်စွာ ကျင့်သုံးခဲ့ကြသည်။ အင်ဒိုနီးရှား အစိုးရအုပ်ချုပ်ရေးကဏ္ဍတွင်လည်း လက်ခံကျင့်သုံးခဲ့သည်။ ထိုစနစ်တွင် သတ်မှတ်ထားသည့် မက်ထရစ်များကို ကြည့်ပြီး ဦးတည်ချက်များ ပြည့်မီခြင်းရှိမရှိ ဆန်းစစ်သည်။ ကြီးမားသည့် အဖွဲ့အစည်းများတွင်

စွမ်းရည် တိုင်းတာရာတွင် အထောက်အကူပြု သည်။

KPK သည် ငွေကြေးမက်လုံးများလည်း အသုံးပြုခဲ့သည်။ စွမ်းဆောင်ရည်လမ်းညွှန်ကို အခြေခံပြီး KPK အုပ်ချုပ်ရေးက ဝန်ထမ်းများအား ဂရိတ် A မှ E အထိပေးထားသည်။ အဆင့်မြင့် ဂရိတ်ရှိ ဝန်ထမ်းများသည် ၅% ခန့် ယာယီ လစာများ ကြိုခံစားခွင့်ရှိသည်။ မန်နေဂျာများသည် ၎င်းတို့ လက်အောက်မှဝန်ထမ်းများမှ ၃၀% ထက် မကျော်ဘဲ A ပေးခွင့် မရှိသဖြင့် ကြီးကြပ်သူများ သည် တစ်ဦးချင်း လုပ်ကိုင်ရည်ကိုသာ အကဲဖြတ် ကြရသည်။ Kemala ကပြောသည်မှာ ကျွန်တော် ပထမဆုံး ဒီ ဦးတည်ချက်ကို မှီချင်တယ်လို့ ပြောတုန်းက အဖွဲ့တွေအကုန်လုံးက ဝေဖန်ကြ တယ်။ ဒါကြောင့် ကျွန်တော်တို့ စွမ်းရည် ဦးတည် ချက်တွေ မချမှီ အကြိမ်ပေါင်းများစွာ အတူထိုင်ခဲ့ ကြရတယ်ဟုပြောကြားခဲ့သည်။

စွမ်းရည် စောင့်ကြည့်သည့် စနစ်သည် အုပ်ချုပ်ရေး ကို ဝန်ထမ်းများဖွံ့ဖြိုးရေး စောင့်ကြည့်ရာတွင် အထောက်အကူပြုသည်။ ပြဿနာများ ဖော်ထုတ် ရာတွင်လည်းကောင်း၊ အလုပ်တာဝန်များ ချိန်ညှိရာ တွင်လည်းကောင်း၊ လူရွေးချယ်ခန့်ထားရာတွင် လည်းကောင်း ထောက်ပံ့ပေးသည်။ တင်းကြပ် သည့် စွမ်းရည်အခြေခံစနစ်သည် KPK ပုံရိပ်ကို ပရော်ဖရှင်နယ်နှင့် ရလာဒ်အခြေခံယဉ်ကျေးမှုပုံစံ ပေါ်လာအောင် ထောက်ပံ့ပေးခဲ့သည်။ KPK အုပ်ချုပ်ရေးသည် ဝန်ထမ်းများ အကြံပြုချက်များကို လည်း လက်ခံသည်။ နှစ်စဉ် စွမ်းရည် အကဲဖြတ် သည့် အပြင် ဝန်ထမ်းများသည် နှစ်စဉ်ကျေနပ်မှု စစ်တမ်းများလည်း ဖြေကြရသည်။ နှစ်တိုင်း Kemala သည် ဝန်ထမ်းကျေနပ်မှု ဦးတည်ချက် များ မြင့်မြင့် ချမှတ်ခဲ့သည်။ ကော်မရှင်ပထမနှစ် သက်တမ်းအပြီးတွင် KPKသည် ဝန်ထမ်း ၅၀၀ အနက်မှ ဝန်ထမ်းများ ကျေနပ်မှုသည် ၅စကေးတွင် ၃.၅ စကေးအထိ ပျမ်းမျှ ရရှိခဲ့သည်။

*ဂုဏ်သိက္ခာရှိသည့် ယဉ်ကျေးမှု ဖန်တီးခြင်း*

KPK ၏ အကြီးမားဆုံး စိန်ခေါ်မှုတစ်ခုမှာ ရဲများ၊ တရားစွဲ ရှေ့နေများ၊ အခြားအစိုးရအေဂျင်စီများမှ ဝန်ထမ်းများနှင့် ပုဂ္ဂလိက ကဏ္ဍ နောက်ခံ ရှိသူများကို ပေါင်းစည်းခြင်းဖြစ်သည်။ ကော်မရှင် သည် မျှဝေသည့် သတ်မှတ်ချက်နှင့် အားလုံးသ ဘောတူ မျှော်လင့်ချက်များ ချမှတ်ရန် လိုအပ်နေ သည်။

အစပိုင်းတွင် Ruki ကပြောသည်မှာ KPKသည် အလုံးစုံတူညီသည့် ဝန်ထမ်းဖန်တီးရေးအတွက် ဆွေးနွေးခဲ့ကြသည်။ ကျွန်တော်က ဒါဟာ ဦးနှောက် ဆေးပြီး အားလုံးနွေးထွေးသွားအောင် လုပ်လိုက် တယ်။ မင်းဟာ ရဲမဟုတ်တော့ဘူး။ KPKဖြစ်သွားပြီ။ မင်းက ရှေ့နေချုပ်ရုံးက မဟုတ်တော့ဘူး။ KPK ဖြစ်သွားပြီး။ အဖွဲ့တစ်ခုလုံး တပေါင်းစည်းတည်း ဖြစ်သွားဖို့ ခြောက်လလောက်ကြာခဲ့တယ် ဟုပြော ခဲ့သည်။ နောက်ပိုင်းတွင် KPKသည် ထိုဆွေးနွေးမှု များကို နှစ်ပတ်သင်တန်းအဖြစ် ပို့ချခဲ့သည်။ Kemala က သူတို့ ကျွန်တော်တို့ တန်ဖိုးထားမှု တွေကို လက်ခံဖို့လိုတယ်ဟု ပြောခဲ့သည်။ KPK အတွက် အရေးကြီးဆုံး တန်ဖိုးထားမှုမှာ ဂုဏ် သိက္ခာဖြစ်ပြီး ဝန်ထမ်းများသည် ၎င်းတို့ လုပ်ပိုင် ခွင့်ကျော်သည့် အခြေအနေများကို ကြုံတွေ့နိုင် သည်။ ပြည်သူများ စစ်ဆေးမှုကို ခံယူရနိုင်သည်။ Ruki က ကော်မရှင်ဝင်များသည် လုပ်ပိုင်ခွင့် အလွဲသုံးစားမှု လုံးဝပပျောက်ရေး မူဝါဒကို ချမှတ်ခဲ့သည်ဟုပြောခဲ့သည်။

KPKသည် ဝန်ထမ်းများအကြံပေးမှုများကို အများ ဆုံး အခြေခံသည့် ကျင့်ဝတ်စည်းမျဉ်းများကို ကော်မရှင်အဖွဲ့ဝင်များနှင့် ဝန်ထမ်းများအတွက် ရေးဆွဲခဲ့သည်။ ၂၀၀၄ အလယ်တွင် အဖွဲ့သည် ပုံမှန်ဖြစ်စဉ်ဖြင့် ကျင့်ဝတ်များကို လအတန်ကြာ ရေးဆွဲဖော်ထုတ်ခဲ့သည်။ Hardjapemekas က ပြောသည်မှာ ခေါင်းဆောင်ပိုင်းနှင့် ဝန်ထမ်းကြားမှာ အပြင်းအထန်ဆွေးနွေးငြင်းခုံခဲ့ကြတယ်။ ဒါဟာ ဝန်ထမ်းတွေ ကိုယ်တိုင်စီက လာတာဖြစ်ပြီး ဒီ စည်းကမ်းတွေကို လိုက်နာဖို့ ကတိကဝတ်က လည်း ကြီးမားတယ်။ ကျွန်တောတို့က သာ တူညီမျှတဲ့ ပတ်ဝန်းကျင်ကို ဖန်တီးခဲ့တယ် ။ ဒါကြောင့် ဝန်ထမ်းတွေဟာ ဘယ်အရာကိုမဆို ပြောခွင့်ရှိလို့ ဂုဏ်ယူကြတယ်။ ဆုံးဖြတ်ချက် တစ်ခုချပြီးရင်တော့ အားလုံး အတူတူလုပ်ကြတယ်။ ဒါဟာ အရေးအကြီးဆုံးဘဲဟု ပြောကြားခဲ့သည်။ ဝန်ထမ်းများသည် ကျင့်ဝတ်အကြမ်းရေးဆွဲပြီး နောက် KPK သည် ပြင်ပ အကြံပေးများထံမှ ထင်မြင်ချက်များနှင့် သုံးသပ်ချက်များ တောင်းခံခဲ့ သည်။ Hardjapemekas က ပူးပေါင်းရေးဆွဲတာက

ဌာနတွင်းသာမဟုတ် အခြား သက်ဆိုင်သူများ ဖြစ်တဲ့ NGO တွေနှင့် ပုဂ္ဂလိက ကဏ္ဍလည်း ပါတယ် ဟု ပြောခဲ့သည်။ အငြိမ်းစား တရားသူကြီး များ ပါဝင်သည့် ကျင့်ဝတ်အကြံပေးများ လုပ်အား ပေးအဖွဲ့မှ အကြံဉာဏ်ပေးခဲ့ကြသည်။

နောက်ဆုံးရလဒ်မှာ တင်းကြပ်ပြီး အလွန်တိုတောင်း သည်ဟု Kemala ကပြောခဲ့သည်။ သူက ရှင်းပြ သည်မှာ နှစ်တိုင်း ဝန်ထမ်းများသည် ကျင့်ဝတ်နှင့် ပြင်ပလက်တွေ့အခြေအနေအမျိုးမျိုးတွင် ပြန်လည် အသုံးချပုံကို သုံးသပ်ကြသည်။ ဥပမာ ဝန်ထမ်း များသည် အခြား အစိုးရဌာနများသို့ သွားရောက် ရာတွင် လက်ဆောင်ပေးခြင်းများကို တားမြစ်ခြင်း (လက်ဆောင်ပေးရာတွင် အထူးစီစဉ်ထားခြင်း မဟုတ်) ဖြစ်သည်။ ကျင့်ဝတ်များသည် ဝန်ထမ်းများ အတွက် လိုက်နာရမည့် အယူဝါဒပင်ဖြစ်သည်။ အားလုံးပါဝင်သည့် ဖြစ်စဉ်ကြောင့် ဝန်ထမ်းများ စိတ်ဓာတ်ရေးရာမြင့်တက်လာပြီး ယူနစ်အချင်း ချင်းကြား ပေါင်းစည်းမှုများ အား ကောင်းလာသည်။ လူမှုရေးအခမ်းအနားများ ဥပမာ အားကစားကလပ် များ၊ ကာရာအိုကေဆိုပွဲများနှင့် အားလပ်ရက်ပါတီ များသည် ဝန်ထမ်းများ ကိုယ်တိုင် ကျခံ ကျင်းပကြသည်။

၂၀၀၆ ခုနှစ်တွင် KPK သည် အွန်လိုင်း မှတဆင့် ကော်မရှင်ဝန်ထမ်းများ လာဘ်စားသည်ကို ဌာန တွင်း ဝန်ထမ်းများမှ တိုင်ကြားသည့် တိုင်ကြားရေ းစနစ် whistle-blower system တစ်ခုကို ဆောင်ရွက်ခဲ့သည်။ ကနဦးကော်မရှင်သက်တမ်း ကုန်ဆုံးသည့် နောက်ပိုင်းတွင် စတင်ခဲ့ပြီး နောင် အခါ ပြည်သူများမှ တိုင်ကြားသည့် အဂတိလိုက်စား မှု တိုင်ကြားရေးများပါ ပါဝင်လာသည်။

ကော်မရှင်အဖွဲ့ဝင်များသည် ပိုမိုတင်းကြပ်သော ကျင့်ဝတ်ဆိုင်ရာ စည်းမျဉ်းများကြားတွင် လုပ်ကိုင် ကြရသည်။ တားမြစ်ချက်များတွင် ပြည်သူနှင့် သက်ဆိုင်သည့် နေရာများတွင် စည်းဝေးခြင်းများကို ကန့်သတ်ခြင်းများ ပါဝင်သည်။ အခြား ကော်မရှင် အဖွဲ့ဝင်များကိုလည်း ဆွေမျိုးများနှင့် နီးစပ်ရာ များနှင့် အစဉ်မပြတ်ဆက်သွယ်မှုများကို သတိပေး ရန်၊ အစည်းအဝေးအားလုံးတွင် အများအမြင်တွင် သမာသမတ်ကျသော ပုံစံကို ထိန်းသိမ်းရန်၊ အကျိုး စီးပွားနှင့် သက်ဆိုင်သည့် တစ်စုံတစ်ဦးနှင့် ဂေါ့ဖ် ကစားခြင်းကို တားမြစ်ရန် စသည်တို့ပါဝင်သည်။ ကျင့်ဝတ်စည်းမျဉ်းများသည် ဦးဆောင်သူများအား ၎င်းတို့သည် အလွန်ထူးခြားသည့် လုပ်ပိုင်ခွင့် ပိုင်ဆိုင်ထားသောကြောင့် ၎င်းတို့KPK အပေါ် ကတိကဝတ်နှင့် လုပ်ဖော်ကိုင်ဖက်များအပေါ်တွင် သစ္စာရှိရမည်ဖြစ်သည်။

ကျင့်ဝတ်စည်းမျဉ်းများတွင် အတိတ်က မကောင်း သည့် အဖွဲ့အစည်း အလေ့အကျင့်များကို စွန့်ပစ် ရန်ဟူသည့် အချက်ပါပြီး ဆိုလိုသည်မှာ KPK သည် အခြား တရားစီရင်ရေးအဖွဲ့အစည်းများထက် ပိုမို တင်းကျပ်ပြီး KPK ထိုကဲ့သို့ အဖွဲ့အစည်းများမှ ဝန်ထမ်းများအား ၎င်းတို့ အတိတ်များကို ချန်ထား ရန် အခွင့်အရေးပေးခဲ့သည်။

*စိတ်သဘောထား mind-sets များ ပြောင်းလဲခြင်း - နည်းပညာနှင့် ဥပဒေ*

KPKအဖွဲ့ ပထမဆုံး ခေါ်ယူသူများတွင် သတင်း အချက်အလက်နည်းပညာ ဒါရိုက်တာ Budi Ibrahim လည်းပါသည်။ သူသည် ဂျာမန် တက္ကသိုလ်မှ အသုံးချ သတင်းအချက်အလက် နည်းပညာ ပါရဂူ ဘွဲ့ရပြီး အမေရိကန် ကုမ္ပဏီ တစ်ခုတွင် အလုပ်လုပ်ပြီး သူ့ကိုယ်ပိုင် ကုမ္ပဏီကို ညွှန်ကြားနေသူဖြစ်သည်။ သူက ကျွန်တော် အဖွဲ့ကို စဝင်တုန်းက အဂတိလိုက်စားမှုအကြောင်း သိပ်မသိပါဘူး။ ကျွန်တော့်ကို ငွေပေးမယ်တောင် မထင်ပါဘူးဟု ပြောခဲ့သည်။ သူသည် အဂတိ လိုက်စားမှုကို တိုက်ဖျက်ရန် ပြင်းထန်သော ဆန္ဒ ရှိပြီး အစိုးရအဝယ်တော်လုပ်ငန်းတွင် ကိုယ်တိုင် ကြုံတွေ့ခဲ့ရသောကြောင့်ဖြစ်သည်။ သူသည် Sunaryadi နှင့် လက်တွဲညီပြီး သူနှင့် အသုံးချ သတင်းအချက်အလက်နည်းပညာ ITကို တရား စီရင်ရေးတွင် အသုံးချနိုင်ရေးတွင် အတွေးအခေါ် တူညီကြသည်။

Ibrahim ၏ ပထမဆုံးတာဝန်မှာ စနစ်တည် ဆောက်ခြင်းဖြစ်သည်။ အရင်ဆုံး IT blueprint တည်ဆောက်ဖို့ စီမံကိန်းဆွဲရတယ်။ အရေးကြီးတဲ့ အောင်မြင်တဲ့အချက်က အကြမ်းကနေစပြီး တည်ဆောက်တာမဟုတ်ပါဘူး။ Amien နှင့် ကျွန်တော်တို့က စံသတ်မှတ်ထားရမယ်။ အလေ့အ ကျင့်ကောင်းတွေယူရမယ်။ ဒီနည်းလမ်းအရဆို

ကျွန်တော်တို့ အွန်လာယ်ကိုလျှော့ချနိုင်ပြီး ဖွံ့ဖြိုးရေးဖြစ်စဉ်ကို ပိုမိုတိုတောင်းစေတယ်။ မိုဒယ်တွေ အနေနှင့် ဟောင်ကောင်နှင့် တောင်အာဖရိကက အဂတိလိုက်စားမှု တိုက်ဖျက်ရေး အေဂျင်စီတွေနှင့် ပုဂ္ဂလိက ကဏ္ဍကို ကြည့်လို့ရတယ်။ ဒါပေမယ့် ကျွန်တော်တို့ ယဉ်ကျေးမှု၊ ပြဿနာတွေနှင့် တရားစီရင်ရေး မူဘောင်မှာ သီးသန့်ဖြစ်နေတာကတော့ အတိုင်းအတာတစ်ခုထိရှိတယ်ဟု ပြောကြားခဲ့သည်။

KPK လုပ်ငန်းများတွင် ကော်မရှင်အဖွဲ့ဝင်များ စီမံနိုင်ရန် Ibrahim သည် စီးပွားရေးအခြေပြု စနစ်တစ်ခုကို ဝန်ထမ်းများ လုပ်ငန်းခွဲဝေမှု ဆန်းစစ်ရန်နှင့် အကောင်းဆုံးအသုံးချရန် တည်ဆောက်ခဲ့သည်။ သူသည် ကော်မရှင်အဖွဲ့ဝင်များနှင့် ဝန်ထမ်းများအား ဆက်သွယ်ရေးလမ်းကြောင်းများတွင် အီးမေးလ်နှင့် စမတ်ဖုန်းများကို နေ့စဉ်လုပ်ငန်းများတွင် သုံးရန် သင်ကြားခဲ့သည်။ ကွန်ပြူတာ တတ်ကျွမ်းမှုမှာ အမျိုးမျိုးကွဲပြားနေသည်။ ကော်မရှင်အဖွဲ့ဝင်အချင်းချင်းနှင့် ဝန်ထမ်းအချင်းချင်း ကူညီကြပြီး စွမ်းရည်မြင့်တက်လာစေရန်နှင့် IT လုပ်ထုံးလုပ်နည်းများကို အများသုံးဖြစ်လာရန် ဆောင်ရွက်ခဲ့ကြသည်။

တခါတရံတွင် အဆိုပါ နည်းပညာလုပ်ထုံးများသည် ယဉ်ကျေးမှု စံနှုန်းများနှင့် ထိပ်တိုက်တွေ့လေ့ရှိသည်။ ဥပမာ စုံစမ်းသူများသည် global positioning system (GPS) ကို ၄င်းတို့ ကေ့စ်များတွင် သုံးရန် ငြင်းဆိုကြသည်။ အဘယ်ကြောင့်ဆိုသော် သူတို့သည် ဖြတ်သန်းသွားလာသူများကို လမ်းညွှန်မေးလေ့ရှိသည်။ ထိုအလေ့အထမှာ အင်ဒိုနီးရှားတွင် ကျင့်သုံးနေသော အလေ့အထတစ်ခုလည်းဖြစ်သည်။ Ibrahim က သူတို့ကို ပြောသည်မှာ ခင်ဗျားတို့ လူတွေကို ရပ်ပြီး မေးရင် သူတို့က ခင်ဗျားတို့က စုံစမ်းစစ်ဆေးသူတွေ ဖြစ်တယ်ဆိုတာ သိလိမ့်မယ်။ ဒါကြောင့် GPS ကိုဘဲသုံးပါ။ သူက အနှစ်ချုပ်သည်မှာ သူတို့ အမူအကျင့်တွေပြောင်းဖို့ နှစ်အတော်ကြာပါတယ်။ ဒါပေမယ့် နောက်ဆုံးတစ်နေ့မှာ သူတို့ ဒါကို သုံးဖြစ်သွားကြတယ်ဟု ပြောခဲ့သည်။

Sunaryadi က နည်းပညာသည် အဂတိလိုက်စားသည့် ရာဇဝတ်မှုများနှင့် ပတ်သက်သည့် စိတ်နေသဘောထား mindset များ ပြောင်းလဲရေးအတွက်လည်း အရေးကြီးသည်။ သူသည် အင်ဒိုနီးရှား အဂတိလိုက်စားမှု တရားစီရင်ချက်များကို စစ်ဆေးပြီးနောက် တွေ့ရှိသည်မှာ ၈၅% သည် နိုင်ငံတော်ဘဏ္ဍာငွေ ဆုံးရှုံးသည့် ကျူးလွန်မှုများဖြစ်သည်။ အချုပ်အားဖြင့် အဂတိလိုက်စားမှုနှင့် တိုက်ရိုက်ပတ်သက်သော ရာဇဝတ်မှုများကို အရေးယူခြင်းနည်းပြီး ၈% မှာ တံစိုးလက်ဆောင်ပေးခြင်းဖြစ်သည်။ ၄% မှာ ခြိမ်းခြောက်ငွေညှစ်ခြင်းဖြစ်သည်။ ၁% ထက်နည်းသော ကိစ္စမှာ ဆောက်လုပ်ရေး ကန်ထရိုက်များတွင် လိမ်လည်မှုများဖြစ်သည်။ Sunaryadi သည် လုံလောက်မှု မရှိသော သင်တန်းများ နည်းပါးခြင်းအတွက် အပြစ်တင်သည်။ သူက ပြောသည်မှာ လူတွေရဲ့ စိတ်နေသဘောထားတွေ ပြောင်းဖို့ တရားစီရင်သူတွေကို အဂတိလိုက်စားမှုဆိုတာ နိုင်ငံတော်အတွက် ဘဏ္ဍာငွေ ဆုံးရှုံးမှုဘဲဆိုတာ လက်ခံလာအောင် ပြောဖို့ ကြိုးစားရတယ်။ တံစိုးလက်ဆောင်ပေးတာလည်း အဂတိလိုက်စားတာဘဲ။ ခြိမ်းခြောက်ငွေညှစ်တာလည်း အဂတိလိုက်စားတာဘဲ ဟု ပြောခဲ့သည်။

သို့သော် သူသည် သင်တန်းတစ်ခုတည်းကသာ စုံစမ်းစစ်ဆေးသူများ၏ စိတ်ထားများကို ပြောင်းလဲနိုင်ခြင်း မဟုတ်ကြောင်းတွေ့ရှိခဲ့သည်။ သူတို့က တံစိုးလက် ဆောင်ပေးခြင်း - လှို့ဝှက်ပေးခြင်း၊ တရားမဝင် ပေးခြင်း၊ များသည် သက်သေပြရန် အလွန်ခက်သည်။ တံစိုးလက်ဆောင်ပေးခြင်းကို သက်သေပြရန်မှာ သံသယရှိသူများကို လက်ပူးလက်ကြပ်ဖမ်းမိခြင်းဖြစ်သည်။ Sunaryadi သည် Ibrahim က နည်းပညာသည် လက်ပူးလက်ကြပ် ဖမ်းမိနိုင်ရန် ကူညီကြောင်းသိရှိသဖြင့် သူ့ထံ အကူအညီတောင်းခဲ့သည်။ Ibrahim က ပြောသည်မှာ မင်း ဘုရားသခင်အလုပ် တစ်ခုလုပ်ရမယ်။ မင်းကို မမြင်ရဘူး ။ ဒါပေမယ့် စောင့်ကြည့်ရမယ် ဟု ပြောခဲ့သည်။ ၂၀၀၅ အစောပိုင်းတွင် သူသည် အီလက်ထရောနစ် စောင့်ကြည့်ရေးနှင့် ကွန်ပြူတာ မှုခင်းအဖွဲ့ကို IT ဌာနအောက်တွင် ဖွဲ့ခဲ့သည်။ ဟောင်ကောင်၊ စင်ကာပူနှင့် မလေးရှား အဂတိလိုက်စားမှု တိုက်ဖျက်ရေး အေဂျင်စီများမှ နည်းပညာ အကူအညီဖြင့်လည်းကောင်း သူ၏ ယခင် PricewaterhouseCoopers များမှ လုပ်ဖော်ကိုင်ဖက်ဟောင်းများ အကူအညီဖြင့်

တည်ထောင်ခဲ့သည်။ မတ်လကုန်တွင် အဖွဲ့သည် ပထမဆုံး မြေပြင်စမ်းသပ်ခြင်းကို ရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် Kusumah[ˆ] ၏ ဟိုတယ်ခန်းအတွင်း ဖွက်ထားသော ရီကော်ဒါများ တပ်ဆင်ခဲ့သည်။ ထိုအားထုတ်မှုသည် KPK ၏ စတုတ္ထမြောက် အရေးယူမှုဖြစ်ပြီး ပထမဆုံး အဆင့်မြင့် နိုင်ငံတော်အဆင့် အကြီးအကဲတစ်ဦးအား ဖမ်းဆီးခြင်းလည်းဖြစ်သည်။

IT အဖွဲ့မှ ဖော်ထုတ်မိသည့် သက်သေခံပစ္စည်းများတွင် သံသယရှိသူများ၏ ကွန်ပြူတာများမှ ဖိုင်များပါဝင်ပြီး KPK ထောက်လှမ်းသူများကို နည်းပညာစိတ်ဝင်စားသူများအဖြစ်ပြောင်းလဲခဲ့သည်။ Sunaryadiက ပြောသည်မှာ ရှာဖွေရေးလုပ်ဖို့ ငြင်းဆန်တဲ့ စုံထောက်တစ်ဦးက တပတ်အကြာမှာ ကျွန်တော်ဆီလာပြီး ကျွန်တော်တို့ ပြန်ရှာဖွေမယ်ဟု ပြောခဲ့သည်။ ရှောင်တခင်စစ်ဆေးရေးများနှင့် ထိခိုက်သည့် အော်ပရေးရှင်းများ အစဉ်လိုလိုဖြစ်ပြီး ဖမ်းဆီးမှုများ ဒါဇင်လိုက်ဖြစ်ပေါ်လာကာ မီဒီယာမှလည်းဖော်ပြလာကြသည်။ KPK သည် အမေရိကန်ပြည်ထောင်စု၊ ဂျပန်နှင့် တောင်ကိုးရီးယားမှ အကူအညီဖြင့် နည်းပညာလုပ်ငန်းများကို အရှိန်မြှင့်ခဲ့သည်။ နည်းပညာပိုင်းဆိုင်ရာ ထောက်လှမ်းရေးအဖွဲ့သည် ရဲဝန်ထမ်းများတွင် ချို့တဲ့သော ကျွမ်းကျင်မှုများ ရှိနေသည့် အလွတ်စုံထောက်များကို ဌားရမ်းရန် ခွင့်ပြုခဲ့သည်။ သုတေသနနှင့် IT အဖွဲ့ တွေကြောင့် KPK ဟာ သူ့ကိုယ်ပိုင် စုံထောက်ဝန်ထမ်းတွေဖွဲ့စည်းခဲ့ပြီး ရဲတွေကို ကျော်တက်သွားခဲ့တယ်ဟု အမေရိကန် ဥပဒေပညာရှင် ချာချီက ပြောခဲ့သည်။

KPK စောင့်ကြည့်ရေး ကိရိယာများတွင် တယ်လီဆက်သွယ်ရေးနည်းပညာများဖြင့် ဖြတ်ယူနားထောင်မှုများ ပါဝင်သည်။ အစပိုင်းတွင် Sunaryadi သည် IT ဝန်ထမ်းများကို ကိရိယာများကို သုတေသနပြုလုပ်ရန်၊ သံရုံးများနှင့် တင်သွင်းသူများကို လက်လှမ်းမီရန် တာဝန်ပေးခဲ့သည်။ သူက ကျွန်တော်တို့က ကြားဖြတ်ဖမ်းယူတယ်ဆိုတယ် ဘယ်လိုမျိုးလဲဆိုတာသိဖို့ အများကြီး ဆွေးနွေးခဲ့ကြတယ်။ ၂၀၀၅ ခုနှစ်တွင် ဥရောပသမဂ္ဂနှင့် တောင်အာဖရိကမှ အေဂျင်စီများသို့ အဖွဲ့သွားရောက်လေ့လာပြီး နိုင်ငံတကာမိတ်ဖက် များမှ ရံပုံငွေများလည်း တောင်းခံခဲ့သည်။ ၂၀၀၆ နောက်ပိုင်းတွင် IT ဌာန တယ်လီ ဆက်သွယ်ရေးနည်းပညာစောင့်ကြည့်ရေးအဖွဲ့ဝင်များသည် မြေပြင်တွင် အသုံးပြုရန် သင့်လျော်သည့် ကိရိယာကို ဂယ်ယူစမ်းသပ်ခဲ့သည်။ ထိုကိရိယာများသည် အင်ဒိုနီးရှားတွင် အလိုချင်ဆုံးဝရမ်းပြေးနှစ်ဦး၏ တည်နေရာကို အလွယ်တကူ ဖော်ထုတ်နိုင်ခဲ့သည်။ KPK သည် ရှေ့နေချုပ်ရုံးအဖွဲ့နှင့်လည်း ပူးတွဲစစ်ဆင်ရေးများ ဆောင်ရွက်ခဲ့ပြီး အဖွဲ့အစည်းနှစ်ခုကြား ဆက်ဆံရေး အားကောင်းလာသည်။

ရှာဖွေစီးနင်းခြင်းများအပြင် အခြား စောင့်ကြည့်ရေးပုံစံအမျိုးမျိုးကို သုံးခဲ့ပြီး အင်ဒိုနီးရှား ဥပဒေအရ KPK သည် ဆက်သွယ်ရေးကို မထောက်လှမ်းမီတွင် ဝရမ်းထုတ်စရာမလိုပေ။ Ibrahim က ပြောသည်မှာ KPK သည် ဥရောပမှာ စောင့်ကြည့်ရေး ပုံစံများ အထူးသဖြင့် ဗြိတိသျှ မော်ဒယ်ကို သုံးခဲ့သည်။ အဖွဲ့သည် ပြည့်စုံကောင်းမွန်သည့် စောင့်ကြည့်ရေးမှတ်တမ်းများ ပြုစုပြီး တယ်လီနည်းပညာဆက်သွယ်ရေး ပံ့ပိုးသူများနှင့်လည်း ဆက်သွယ်ခဲ့သည်။ KPK သည် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာ ဝန်ကြီးဌာနအား စောင့်ကြည့်သည့် ကော်မတီတစ်ခု ဖွဲ့ရန် တောင်းဆိုခဲ့သည်။ ထိုကော်မတီတွင် KPK၏ နှစ်စဉ် စာရင်းစစ်မှတ်တမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို စစ်ဆေးပြီး သင့်တော်သည့် တယ်လီနည်းပညာ ပံ့ပိုးသူများ၏ မလျော်ကန်မှုများနှင့် အလွဲသုံးစားမှုများစောင့်ကြည့်စေသည်။
Hardjapemekas က ပြောသည်မှာ လူတိုင်း အော်ပရေတာများနှင့် ပြဌာန်းသူများကို စာရင်းစစ်ရာတွင် လက်ခံလာစေရန်မှာ တစ်နှစ် နှစ်နှစ်ကြာမည်ဖြစ်သည်။ ၂၀၁၂ တွင် စာရင်းစစ်များသည် မည်သည့် အလွဲသုံးစားမှုမှ မရှိကြောင်း တွေ့ရှိရသည်။ Ibrahimကပြောသည်မှာ စာရင်းစစ်တွေက အလွဲသုံးစားမှုကို ကာကွယ်ပေးရန် အလွန်အရေးကြီးကြောင်းပြောခဲ့သည်။

## အခက်အခဲများအား ကျော်လွှားခြင်း

KPK အဓိက ကြုံတွေ့ရသည့် စိန်ခေါ်မှုမှာ ပြင်ပမှာဖြစ်ပြီး ပြည်သူများ၊ လွှတ်တော်နှင့် တရားရုံးများနှင့် အခြားအေဂျင်စီများဖြစ်သည်။ ထိုစိန်ခေါ်မှုများကို ရှောင်ကြဉ်ပြီး ကော်မရှင်အဖွဲ့ဝင်များသည် မျှော်မှန်းချက်များ ပြည့်မီရန်နှင့် ဖြစ်နိုင်သည့် အတိုက်အခံများကို ပညာပေးရန်ဖြစ်သည်။

*မျှော်လင့်ချက်ကြီးများကို စီမံခြင်း Managing great expectations*

Ruki ကပြောသည်မှာ ပြည်သူတွေရဲ့ မျှော်လင့်ချက်က နေ့တိုင်း တက်လာတာကို ပြည့်မီအောင် လုပ်ဖို့ အခက်ခဲဆုံးဖြစ်ပါတယ်။ ကျွန်တော်က ပြည်နယ်အုပ်ချုပ်ရေးမှူးကို ဖမ်းတုန်းက သူတို့က ခင်ဗျား စစ်ဗိုလ်ချုပ်ကိုတော့ မဖမ်းဘူး။ ကျွန်တော် စစ်ဗိုလ်ချုပ်ကို ဖမ်းတော့ သူတို့က ခင်ဗျား ဝန်ကြီးကိုတော့ မဖမ်းဘူး။ ကျွန်တော် ဝန်ကြီးကို ဖမ်းတုန်းက သမ္မတဆိုရင်ရော ဟု ပြောခဲ့သည်။ Hardjapemekas က လူထု မျှော်လင့်ချက်က ပိုပိုပြီး မြင့်မြင့်လာတယ်ဟု ပြောခဲ့သည်။

ကော်မရှင်အဖွဲ့ဝင်များ လုပ်ငန်းစတင်ပြီးနောက် ၂၀၀၄ ဒီဇင်ဘာတွင် ၎င်းတို့ ပထမဆုံး ကေ့စ်ဖြစ်သည့် အာချေးပြည်နယ် အုပ်ချုပ်ရေးမှူး ကေ့စ်ကို ကြေငြာခဲ့သည်။ အုပ်ချုပ်ရေးမှူးသည် ဂေါ်ကာပါတီနှင့် အဆက်အစပ်ရှိသူဖြစ်သည်။ အုပ်ချုပ်ရေးမှူးကို အရေးယူခြင်းသည် သတိထားပြီး နှိုင်းချင့်နေသည့် ကော်မရှင်ဝင်များ၏ စွမ်းဆောင်ရည်ဗျူဟာကို အထင်ကြီးစေသည်။ အချိကြီးငါးကြီး အရေးယူဖမ်းဆီးမှု တစ်ခုကိုလည်း ထပ်မံ ဖမ်းဆီးခဲ့သဖြင့် ပြည်သူ့စိတ်ဝင်စားမှုနှင့် ကော်မရှင်၏ ယုံကြည်ရမှုမြင့်တက်လာသည်။ Publish What You Pay မှ Ridaya ကပြောသည်မှာ KPK ပုံရိပ်သည် အားကောင်းသည်ထက် အားကောင်းလာသည်ဟု ပြောကြားခဲ့သည်။

ပြည်သူများက KPK အပေါ်တွင် အကြီးအကျယ် မျှော်လင့်သဖြင့်အဖွဲ့သည် မဖြစ်နိုင်သည့် မျှော်လင့်ချက်များကြောင့် ဝန်ထုပ်ဝန်ပိုးကြီးဖြစ်လာသည့် အန္တရာယ်ရှိနေသည်။ KPK ၏ အောင်မြင်သည့် အရေးယူဖမ်းဆီးမှုများကြောင့် ခေါင်းမာခက်ခဲသည့် အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကြိုးပမ်းမှုများနှင့် အသားကျနေသော ပြည်သူများကို မျှော်လင့်ချက်ရှိလာစေသည်။ အဖွဲ့အစည်းအား ပြည်သူထောက်ခံမှုသည် အရေးကြီးလားပြီး နိုင်ငံရေး ကာဗာပေးမှုနှင့် ထောက်လှမ်းရေး အချက်များရရှိလာသည်။ ကော်မရှင်အဖွဲ့ဝင်များကို တချိန်က သံသယရှိခဲ့သည် အင်ဒိုနီးရှား အရပ်ဘက်များနှင့် မီဒီယာများသည် အောက်ခြေအဆင့်တွင် သက်သေများ စုဆောင်းသည့် KPK ကိုယုံကြည်လာသည်။ Indonesia Corruption Watch မှ Danang Widoyoko က ပြောသည်မှာ KPK မတိုင်ခင်က ကျွန်တော်တို့က ရှေ့နေချုပ်ရုံးကို ကေ့စ် ၆၀လောက် တင်သွင်းတယ်။ ဒါပေမယ့် ဘယ်ကေ့စ်မှ လိုက်စစ်တာမရှိပါဘူး။ ကျွန်တော်တို့က KPK ကို အစီရင်ခံစာ တစ်စောင်ပို့တယ်။ KPK က လိုက်စစ်တယ်ဟု ပြောကြားခဲ့သည်။

ပြည်သူများ ပူးပေါင်းပါဝင်ခြင်းသည် KPK ကို ပိုကြီးသည့် ကေ့စ်များ ဖော်ထုတ်နိုင်ရန် ကူညီခဲ့သည်။ သို့သော် မျှော်လင့်ချက်ကြီးမှုသည် ဖြစ်ကတတ်ဆန်းလုပ်ဆောင်မှုများနှင့် အတွင်း မကောင်းသတင်းများအတွက်မှု လူအများ အကြီးအကျယ် တုန့်ပြန်သည့် အခြေအနေဖြစ်လာစေနိုင်သည်။ Ruki ကပြောသည်မှာ ကျွန်တော်တို့ ကျရှုံးလျှင် ပြည်သူ့ထောက်ခံမှု ကျဆင်းမယ်။ လူတွေက ကျွန်တော်တို့ကို ယုံမှာ မဟုတ်တော့ဘူး။ ကေ့စ်တွေ ရွေးတဲ့အခါမှာ တရားရုံးမရောက်ခင် သက်သေပြနိုင်ဖို့ရွေးရတယ်။ စုံစမ်းစစ်ဆေးရေး ဖြစ်စဉ်ရပ်တန့်မှုကို ဥပဒေအရ တားမြစ်ထားသဖြင့် ကော်မရှင်အဖွဲ့ဝင်များသည် တရားခွင်တွင် ၇၀% နိုင်ခြေရှိသော အမှုများကိုသာ ကြိုတင်စစ်ဆေးသည့် အချိန်တွင် ရွေးချယ်ခဲ့ပြီး နိုင်ခြေမရှိလျှင် ပယ်ချခြင်း၊ ရွှေ့ဆိုင်းခြင်းများ ပြုလုပ်ခဲ့သည်ဟု Hardjapemekas က ဆိုသည်။ ထိုသို့ ရွေးချယ်မှုသည် ကော်မရှင်ကို အခက်ခဲဆုံးနှင့် အရှုပ်ထွေးဆုံးကေ့စ်များကို ရွေးရန် အလောင်းအစားပြုလုပ်သည့်သဘော အဖြစ် အငြင်းပွားခဲ့သည်။

ပြည်သူများ၏ ကေ့စ်အသစ်များအပေါ် စိတ်ဝင်စားမှုကြောင့် ကာကွယ်တားဆီးရေး ပြဿနာချက်များကို ဂရုမပြုကြပေ။ ကော်မရှင်အဖွဲ့ဝင်များက ပြောသည်မှာ ကာကွယ်တားဆီးရေးများသည် စုံစမ်းထောက်လှမ်းခြင်းထက် ရေရှည်တွင် ပိုမိုထိရောက်သည်ဟု ပြောခဲ့သည်။ အကြံပေး Nugroho က ပြောသည်မှာ ပြည်သူ့ဆက်ဆံရေးကို ကာကွယ်ရေးဘက်မှာ ထိန်းဖို့ ခက်ခဲပါတယ်။ မီဒီယာတွေက စုံစမ်းစစ်ဆေးရေးဘက်ကိုဘဲ အများဆုံး ဖော်ပြကြလို့ဖြစ်ပါတယ်ဟု ပြောခဲ့သည်။ KPK သည် မီဒီယာများကို ကာကွယ်ရေးကို ပြည်သူများ သိစေရန်မှာ အရေးကြီးကြောင်း ပညာပေးခဲ့သော်လည်း မီဒီယာများမှ စိတ်ဝင်စားမှု

နည်းပါးခဲ့သည်။

*ခုခံကာကွယ်ခြင်း Playing defense*

ကော်မရှင် ပထမသက်တမ်းကုန်ဆုံးခါနီးတွင် KPK ကိုဆန့်ကျင်မှု အနည်းငယ် ပေါ်ပေါက်လာသည်။ အကြောင်းမှာ အေဂျင်စီ၏ အရေးယူမှုများကြောင့် အတိုက်အခံများ အဖမ်းခံပြီး ၎င်းတို့က ဤအချိန်သည် အားနည်းသည့် အချိန်ဟု ယုံကြည်ကြသည်။ ကော်မရှင်ဝင်များသည် နိုင်ငံရေးသမားများ၊ ရဲများ၊ တရားစွဲသူများနှင့် KPK အားထုတ်မှုကို နှောင့်ယှက်မည့်သူများနှင့် ဆက်ဆံရေး ကောင်းမွန်ရန် ဂရုတစိုက် အားထုတ်ဆောင်ရွက်ခဲ့သည်။ ကော်မရှင်အဖွဲ့ဝင်များသည် အခြားအဖွဲ့အစည်းများနှင့် ဆက်ဆံရေးကောင်းမွန်ရန် ၎င်းတို့ ပုဂ္ဂိုလ်ရေး ဆက်ဆံမှုများကို သုံးခဲ့ကြသည်။ ယခင် ဥပဒေပြုသမားနှင့် အဆင့်မြင့် ရဲအရာရှိဖြစ်သည့် Ruki သည် အဓိက ကြားလူအဖြစ်ဆောင်ရွက်ပြီး သူပြောသည်မှာ ကျွန်တော်က ဥပဒေပြုသမားတွေနဲ့ ကောင်းမွန်တဲ့ ဆက်ဆံရေး ရှိတယ်။ နိုင်ငံရေးပါတီ ခေါင်းဆောင်တွေနဲ့လည်း ပုဂ္ဂိုလ်ရေး အရ သိတယ်။ ဒါကြောင့် အနည်းနှင့်အများ ကျွန်တော် သူတို့နဲ့ ကောင်းကောင်းမွန်မွန် ဆက်ဆံနိုင်တယ်။ ရဲချုပ်၊ ရှေ့နေချုပ်နှင့် တရားလွှတ်တော်ချုပ်တွေနဲ့လည်း နီးနီးကပ်ကပ်ရှိတယ်။ ကျွန်တော်သူတို့ကို ပုဂ္ဂိုလ်ရေးအရ ချဉ်းကပ်နိုင်တယ်။ ဒါဟာ အင်ဒိုနီးရှား ပုံစံပါဘဲ။ ကော်မရှင်အဖွဲ့ဝင်တွေဟာ ဥပဒေပြုသမားများနှင့် လစဉ်အစည်းအဝေးရှိပြီး ရဲနှင့် ရှေ့နေချုပ်များနှင့် အနီးကပ်ဆောင်ရွက်ခဲ့သည်။ သူကပြောသည်မှာ အဲဒီအချိန်တုန်းက ကျွန်တော်ဂန်ခံရမှာက ကျွန်တော်တို့ သူတို့ အပေါ်အလွန် မှီခိုခဲ့တယ်ဟု ပြောခဲ့သည်။

ပထမသက်တမ်းအတွင်း KPK သည် အထက်ပါ အဖွဲ့အစည်းများနှင့် ဆောင်ရွက်ရာတွင် သံသယ အနည်းငယ်ရှိခဲ့သည်။ ၂၀၀၇ နှစ် အကုန်တွင် KPK သည် လွှတ်တော်ကိုယ်စားလှယ်ဒါဇင်များစွာကို အကျိုးသက်ရောက်သည့် စစ်ဆေးမှု အကြီးစား တစ်ခုကို လုပ်ဆောင်ခဲ့သည်။ Ruki က ပြောသည်မှာ ကျွန်တော်တို့က သူတို့ကို စစ်ဆေးရင် သူတို့က ပြန်တိုက်ခိုက်တယ် ဟု ပြောခဲ့သည်။ သူတို့တွေက ကျွန်တော်တို့ကို မကြိုက်ကြောင်း ပြခဲ့တယ်။ ၂၀၀၇ နှစ်ကုန်ခါနီးတွင် ကော်မရှင်နာ ငါးဦးတွင် Sunaryadi တစ်ဦးသာ ကိုယ်တိုင် အဆိုပြုခဲ့သည်။ သူသည်လည်း ငြင်းပယ်ခံခဲ့ရသည်။

အချို့က လွှတ်တော်အား KPK ပထမနှစ် ရံပုံငွေ နောက်ကျ ရောက်ရှိလာမှုကို အပြစ်တင်ကြသည်။ အစောပိုင်းတွင် ကော်မရှင်နာများသည် လစာ မယူကြဘဲ အလုပ်လုပ်ကြပြီး ၎င်းတို့ ဂန်ထမ်းများအား အိတ်စိုက် စရိတ်ထုတ်ပေးခဲ့ကြသည်။ အစည်းအဝေးများကိုလည်း စားသောက်ဆိုင်များတွင်သာ ပြုလုပ်ခဲ့ကြသည်။ အေးဂျင့်များသည် ၎င်းတို့ကို ယခင်အဖွဲ့အစည်းများက စရိတ်ထုတ်ပေးခဲ့ကြသည်။ Ruki က လွှတ်တော်သည် ငွေရေးကြေးရေး ပြဿနာများကို တာဂန်ခံရန် သဘောမတူခဲ့ပေ။ သူကပြောသည်မှာ KPK သည် ပထမနှစ်အတွက် ရံပုံငွေ ပမာဏ အမြောက်အများတောင်းဆိုရန် မသင့်တော်ပေ။ အကြောင်းမှာ သူတို့ကိုယ်တိုင်ပင် ငွေကြေး စီမံကိန်းများ မရှိသောကြောင့်ဖြစ်သည်။ ၂၀၀၆ခုနှစ်တွင် KPK သည် ၎င်းတို့ ဂန်ထမ်းများအား ယခင်ပေးရန် ကျန်ရှိသော ငွေကြေးများအားလုံးအား ခံစားခွင့်ပေးခဲ့သည်။ လွှတ်တော်သည် KPK ရံပုံငွေ တောင်းဆိုမှုကို လက်ခံလည်း ၎င်း၏ အဆောက်အဦး ဆောက်လုပ်ရန်အတွက်မူ ခွင့်မပြုခဲ့ပေ။ KPKတွင် အဆောက်အဦး မရှိသောကြောင့် ၎င်းဂန်ထမ်းများအား အခြားအေဂျင်စီများမှ ငှားရမ်းထားသော အဆောက်အဦးသုံးခုတွင် ပြန့်ကျဲနေရာ ချထားရသဖြင့် အေဂျင်စီ၏ တိုးတက်မှုကို နှောင့်နှေးစေသည်။

၂၀၀၅ ခုနှစ်တွင် ပေါ်ပေါက်လာသော ပိုပြင်းထန်သည့် အင်စတီကျူးရှင်းဆိုင်ရာ ခြိမ်းခြောက်မှုမှာ KPK မှာ အရေးယူထားပြီး Tipikor မှ အမိန့်ချထားသော တရားခံတစ်ယောက်သည် အဖွဲ့အစည်းနှစ်ခုစလုံးကို အခြေခံဥပဒေဆိုင်ရာ ရှုထောင့်ပေါင်းစုံမှ စိန်ခေါ်ခဲ့သည်။ မကြာသေးမီက ဖွဲ့စည်းခဲ့သော အခြေခံဥပဒေ ခုံရုံးသည် Tipikor ကိုစစ်ရန် တရားမဂင်သော်လည်း KPK ၏ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာကိုမူ ဖြေရှင်းနိုင်ခဲ့သည်။ ထိုအုပ်ချုပ်သည့်အချိန်က ဖွဲ့စည်းပုံ အခြေခံဥပဒေခုံရုံး၏ တရားသူကြီးချုပ်ဖြစ်သည့် Jimly Asshiddiqie က ပြောသည်မှာ ကျွန်တော်တို့က ကော်မရှင်ကို ဖွဲ့စည်းပုံအခြေခံ ဥပဒေ အခြေခံကို ပေးဖို့ ကြိုးစားခဲ့ပါတယ်။ ဖွဲ့စည်းပုံ အခြေခံ

ဥပဒေမှာတော့ တသီးတခြား ဖော်ပြထားတာ မရှိပါဘူး။ ဒါပေမယ့် ဒီအဖွဲ့အစည်းက အခြား အင်စတီကျူးရှင်းတွေ ဖြစ်တဲ့ ရဲနှင့် တရားရုံးတွေလိုဘဲ ဖွဲ့စည်းပုံ အရ အရေးကြီးပါတယ်ဟု ပြောခဲ့သည်။

Tipikor ကိုဖန်တီးခဲ့သည့် KPK ဥပဒေ တစိတ်တပိုင်းကို ပယ်ချလိုက်ပြီး တရားရုံးတော်က မျှဉ်းပြိုင်ဖြစ်နေသည့် တရားစီရင်ရေးကို ရှောင်ကြဉ်နိုင်ခဲ့သည်။ အဂတိလိုက်စားမှု တိုက်ဖျက်ရေး ရုံးတော်ကို လွတ်လပ်စွာ တည်ထောင်ခဲ့ပြီး ရှေ့နေချုပ်ရုံးမှ တင်သွင်းသော အဂတိလိုက်စားသည့် ကေ့စ်များကို အမှုဖွင့်နိုင်ခဲ့သည်။ Tipikor မတိုင်ခင်က ဖွင့်လှစ်ခဲ့သော အမှုများကို ပြန်လည် စွဲဆိုခြင်းမှ ကာကွယ်ရန် တရားရုံးသည် တမူထူးခြားသည့် ပြဌာန်းချက်ဖြစ်သည့် KPK ဥပဒေသည် အကြောင်းအကျိုးအရ ဖွဲ့စည်းပုံ အခြေခံ ဥပဒေအတိုင်း ကျင့်သုံးနိုင်သည်ဟု ပြဌာန်းခဲ့သည်။ ထို့နောက် လွှတ်တော်ကို Tipikor ကို ပြန်လည် ဖွဲ့စည်း ရန် ၃နှစ် အချိန်ပေးခဲ့သည်။ Jimly ကပြောသည်မှာ တရားရုံးက လွှတ်တော်ကို တိုတောင်းသည့် သတ်မှတ်ချိန်ပေးပြီး Tipikor ကို အဆိုးသတ်ရန် ကြောက်နေသည်ဟု ပြောကြားခဲ့သည်။ သူကပြောသည်မှာ သူတို့က တရားရုံးဆုံးဖြတ်ချက်ကိုသုံးပြီး KPK နှင့် အဂတိလိုက်စားမှု တရားရုံး ကို အားနည်းအောင် လုပ်နေသည်ဟု ပြောခဲ့သည်။ ဒါဟာ ကျွန်တော်တို့ နားလည်တဲ့ နိုင်ငံရေး ပတ်ဂန်းကျင်ပါဘဲ။ တရားရုံးက KPK ၏ စောင့်ကြည့်မှု လုပ်ပိုင်ခွင့်ကို စိန်ခေါ်သည့် အယူခံသွင်းသူကို ပယ်ချခဲ့သည်။ Jimly က ပြောသည်မှာ ကျွန်တော်တို့က ဥပဒေမှာ အတိအကျပြဌာန်းထားပြီး ဖွဲ့စည်းပုံအရလည်း ဖြစ်တယ်ဟု ပြောခဲ့သည်။ သို့သော် ထိုပြဌာန်းမှုနှင့် KPK ၏ အားကောင်းသည့် ကြားဖြတ်လုပ်ပိုင်ခွင့် ပေါင်းစည်းလိုက်ခြင်းသည် KPK အား အနာဂတ်တွင် ၄င်း၏ လုပ်ပိုင်ခွင့်ကို ဖွဲ့စည်းပုံ အခြေခံ ဥပဒေအရ စိန်ခေါ်မှုများ ရှိလာနိုင်သည်။

KPK ဂန်ထမ်းများသည် ပြင်းထန်သည့် ကိုယ်ကာယဆိုင်ရာ ခြိမ်းခြောက်မှုများ မကြုံတွေ့ရပေ။ Hardjapemekas က ပြောသည်မှာ ကျွန်တော်တို့ တာဂန်ထမ်းဆောင်သည့် သက်တမ်းအတွင်း မည်သည့် ကိုယ်ကာယ ခြိမ်းခြောက်မှုများ မရှိဘဲ အီးမေး၊ တယ်လီဖုန်းနှင့် SMS ဖြင့် ခြိမ်းခြောက်မှုသာရှိသည်ဟု ပြောခဲ့သည်။ မည်သို့ပင်ဖြစ်စေကာမူ KPK သည် လုံခြုံရေး နည်းလမ်းများ၊ ပရိုတိုကောများ အကောင်အထည်ဖော်ခဲ့ပြီး ဂန်ထမ်းများအား အန္တရာယ်ရှိသည့် အခြေအနေတွင် မည်သို့ လွတ်မြောက်ရန် လုပ်ဆောင်ရန်၊ သံသယရှိသူများကို မည်သို့ စစ်ဆေးရန်၊ ဗုံးမည်သို့ စစ်ရန် စသည့် ကျွမ်းကျင်မှုသင်တန်းများ ပေးခဲ့သည်။ ကော်မရှင်အဖွဲ့ဂင်များသည် လက်နက်ကိုင်ဆောင်ခွင့်ရှိသည်။ စုံစမ်းစစ်ဆေးသူများသည် ဒေသရဲများကို လုံခြုံရေးတာဂန်ယူပေးရန် တောင်းဆိုနိုင်သည်။ အိမ်နီးချင်း နိုင်ငံများနှင့် ယှဉ်လျှင် ခေတ်သစ်အင်ဒိုနီးရှားတွင် နိုင်ငံရေး အကြမ်းဖက်မှုများရှိသဖြင့် ခြိမ်းခြောက်မှုမရှိလျှင် ကော်မရှင်အဖွဲ့ဂင်များမှာ
အံ့သြနေကြမည်ဖြစ်သည်။

## ရလာဒ်များကို ဆန်းစစ်ခြင်း ASSESSING RESULTS

ကော်မရှင်အဖွဲ့ဂင်များ ခန့်ထားသည့် သက်တမ်းကုန်ဆုံးချိန်တွင် KPK သည် အင်ဒိုနီးရှားတွင် ယုံကြည်စိတ်ချရဆုံးနှင့် အကျော်ကြားဆုံး အဖွဲ့အစည်းဖြစ်လာသည်။ မေ ၂ဂဂ၈ စစ်တမ်းတွင် ဘက်မလိုက်သည့် အင်ဒိုနီးရှား သုတေသနအဖွဲ့အစည်း တစ်ခု၏ စစ်တမ်းတွင် ၆၄.၅% က ဖြေဆိုကြသည်မှာ အလွန် ယုံကြည်စိတ်ချရသည်သို့ အတော်အသင့် ယုံကြည်ရသည်ဟု KPK ၏ ပြည်သူ့အကျိုးစီးပွားအတွက် ဆောင်ရွက်မှုတွင် ၄င်းတို့ယုံကြည်မှုကို ဖော်ပြခဲ့သည်။ သမ္မတမှလွဲပြီး အခြားအဖွဲ့အစည်းများနှင့် နှိုင်းယှဉ်လ ၂ျင် ပြည်သူယုံကြည်မှု အများဆုံးဖြစ်သည်။ စစ်တမ်းက တွေ့ရှိသည်မှာ KPK သည် အင်ဒိုနီးရှား အဖွဲ့အစည်းများတွင် ပြည်သူအများဆုံး စောင့်ကြည့်ခံရသော အဖွဲ့အစည်းဖြစ်ပြီး သမ္မတ၊ လွှတ်တော်နှင့် တရားရုံးချုပ်များထက်ပင် မြင့်မားသည်။ ဖြေကြားသူများ၏ ငါးပုံလေးပုံက ပြောကြားသည်မှာ KPK ကြောင့် အင်ဒိုနီးရှားတွင် အဂတိလိုက်စားမှု တိုက်ဖျက်သည့် အခြေအနေသည် တိုးတက်လာခဲ့သည်ဟု ဖြေကြားခဲ့သည်။

အဆိုပါ အဖွဲ့အစည်း၏ ၂ဂဂ၈ ဇန်နဂါရီ စစ်တမ်းတွင်လည်း တွေ့ရှိသည်မှာ ၄၈.၃% သော အင်ဒိုနီးရှား လူမျိုးများသည် KPK ကို အဂတိ

လိုက်စားမှုများ စုံစမ်းစစ်ဆေးရာတွင် ကောင်းသည်သို့ အလွန်ကောင်းသည်ဟု ဖြေကြားခဲ့ပြီး ၄၁.၃% ကမူ ရှေ့နေချုပ်ရုံးနှင့် ၃၆.၉ % က တရားရုံးများဟု ဖြေကြားခဲ့သည်။ အဆိုပါ လူထုယုံကြည်မှုများသည် ကော်မရှင်အောင်မြင်မှုကို ထောက်ပံ့ပေးနေပြီး တရားစွဲဆိုသူ ၄၀ ဦးထက်မကကို ၁၀၀% တရားစွဲဆို အမိန့်ချနိုင်ခဲ့သည်။ ၎င်းတို့တွင် မြို့တော်ဝန်များ၊ ဝန်ကြီးများ၊ ကော်မရှင်အဖွဲ့ဝင်များ၊ တရားသူကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် အခြား အဆင့်မြင့် အရာရှိကြီးများ ပါဝင်သည်။ ပြည်သူ့ဘဏ္ဍာ ပိုင်ဆိုင်မှုမှ ၃၅၀ ဘီလီယန်ရူပီး ကန်ဒေါ်လာ ၃၇သန်းကို မလေလွင့်အောင် ထိန်းသိမ်းနိုင်ခဲ့သည်။

KPK ၏ တရားစွဲ မှတ်တမ်းများကြောင့် မေးခွန်းမေးစရာဖြစ်လာသည်မှာ Tipikor သည် တရားစီရင်ရေး လုပ်ထုံးလုပ်နည်းဖြစ်သည့် ရိုးသားမှုထင်မြင်ချက်ကို ပယ်ချမချ မေးခွန်းထုတ်ခဲ့သည်။ အခြားသူများကလည်း အခြားလမ်းကြောင်းမှ စွပ်စွဲပြီး အငြင်းပွားကြသည်မှာ အင်ဒိုနီးရှား အစိုးရတွင် အဂတိလိုက်စားမှုမှာ နေရာတကာတွင် ဖြစ်ပွားလျှက်ရှိပြီး အရေးကြီးဆုံးမှာ စွဲဆိုခံထားရသူများသည် လူပေါင်းများစွာပါဝင်သော ရာဇဝတ်မှုများတွင် ကြားမှ ဓားစာခံသူများသာ ဖြစ်သည်။ မှတ်သားစရာမှာ KPK သည် ပြစ်ဒဏ်ချမှတ်သည့်နှုန်းမှာ ဟောင်ကောင်နှင့် စင်ကာပူရှိအလားတူဌာနများတွင် ၂၀၀၉ ခုနှစ်တွင် ပြစ်ဒဏ်ချသည့် နှုန်းများဖြစ်သည့် ၈၅%နှင့် ၉၅% အသီးသီး ပြစ်ဒဏ်ချသည့် နှုန်းနီးပါးဖြစ်နေသည်။ အဆိုပါ အင်စတီကျူးရှင်းများသည် ၎င်းတို့ ပြစ်ဒဏ်ချနှုန်း မြင့်သော်လည်း အမှုများကို သေချာရွေးချယ်ကြောင်း ကာကွယ်ခဲ့သည်။ Hardjapemekas က ပြောသည်မှာ ကော်မရှင်အဖွဲ့ဝင်များက မျှော်လင့်သည်မှာ ရဲနှင့် ရှေ့နေများသည် အလုပ်ကောင်းကောင်းလုပ်ရန် မျှော်လင့်ပြီး တိုင်းပြည်၏ အုပ်ချုပ်ရေး မဏ္ဍိုင်ကြီးတစ်ရပ်လုံးသည် ပိုမိုအားကောင်းလာစေရန် ပြုပြင်ပြောင်းလဲရေးများ လုပ်ရမည်ဖြစ်သည်။ Hardjapemekas က နိဂုံးချုပ်သည်မှာ မဟာဗျူဟာသည် အပြောင်းအလဲ ချက်ချင်းဖြစ်လာရန် မစွမ်းဆောင်နိုင်ခဲ့ပေ။ သို့သော် သူက ပြောသည်မှာ KPK၏ တရားစွဲဆိုခြင်းများသည် နိုင်ငံရေး အကျိုးသက်ရောက်မှုရှိသည်။ သူက ဆက်ပြောသည်မှာ ကျွန်တော်တို့ ထင်သလိုကြီးကျယ်တာ မဟုတ်ပါဘူး။ ဒါပေမယ့် အဟန့်အတားဖြစ်စေတဲ့ အကျိုးသက်ရောက်မှု ရှိပါတယ်။ KPK စစ်ဆေးသူများသည် ၎င်းတို့အော်ပရေးရှင်းကို ကိုင်တွယ်ရန် အကြီးတန်း လာဘ်စားမှုများ ပျောက်ကွယ်မှုကိုမူ မစစ်ဆေးနိုင်ပေ။ သို့သော် သူတို့ပြောနိုင်သည်မှာ အဆိုပါ ရာဇဝတ်မှုများသည် ပြောင်ပြောင်တင်းတင်း ကျူးလွန်မှုများ နည်းပါးလာသဖြင့် ကာကွယ်မှုကို အကျိုးသက်ရောက်စေသည်။ သို့ရာတွင် ထိုသို့ပြုလုပ်ခြင်းသည် သံသယရှိသူများအား ဖမ်းမိရန် ပိုမိုခက်ခဲစေပါသည်။

KPK ၏ အဂတိလိုက်စားရေး ပတ်ဝန်းကျင်အပေါ် အကျိုးသက်ရောက်မှုသည် အခြား အဂတိလိုက်စားမှုတိုက်ဖျက်သည့် တိုင်းတာမှုများနှင့်မူ ခွဲခြားရန်ခက်ခဲပါသည်။ ဥပမာ လွတ်လပ်သည့် နိုင်ငံတော်စာရင်းစစ်ဘုတ်အဖွဲ့အား တည်ထောင်ခြင်း၊ တက်ကြွသည့် မီဒီယာများနှင့် အရပ်ဘက်အဖွဲ့အစည်းများ ပေါ်ထွန်းလာခြင်းနှင့် ကုန်သွယ်ရေးဥပဒေနှင့် ငွေကြေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်လာခြင်းတို့ဖြစ်သည်။ အင်ဒိုနီးရှားတွင် အဂတိလိုက်စားမှု ပုံစံအသစ်အတွက်လည်း အခွင့်အလမ်းသစ်များ ဖွင့်ပေးလိုက်သည်။ ဥပမာ အရင်းအမြစ်အခြေပြု စီးပွားရေး ကြီးထွားလာခြင်း၊ နိုင်ငံရေးအရ ဗဟိုချုပ်ကိုင်မှုဖြေလျှော့ခြင်းနှင့် ရွေးကောက်ပွဲမဲဆွယ်ပွဲများအတွက် ငွေကြေး စီးဆင်းမှုများ ဖြစ်သည်။ အပြောင်းအလဲ စတင်ကတည်းက အင်ဒိုနီးရှားလူတိုင်းသည် အဂတိလိုက်စားမှုသည် ကျဆင်းလာသည်ဟုတော့ မခံစားရပေ။ Jimly က အလိုမကျမှုကို ကျော်ကြားသော ခါးသီးသည့် ပျက်လုံးဖြင့် အဆုံးသတ်ခဲ့သည်။ သူက ဆူဟာတိုညွှန်ကြားမှုအောက်မှာ အဂတိလိုက်စားမှုက စားပွဲအောက်မှာဘဲရှိနေတယ်။ ပြုပြင်ပြောင်းလဲ ပြီးနောက်မှာတော့ အဂတိ လိုက်စား မှုက စားပွဲပေါ်ရောက်လာပြီ။ အခုတော့ အဂတိ လိုက်စားမှုမှာ စားပွဲပါ ပါလာတယ်။ သူတို့က အကုန်လုံးယူကြတယ်။ စားပွဲတောင် ယူကြတယ်။

## ပြန်လှန်သုံးသပ်ခြင်း REFLECTIONS

ကော်မရှင်အဖွဲ့ဝင် Amien Sunaryadi က ပြောသည်မှာ အဂတိလိုက်စားမှု တိုက်ဖျက်ရေး ကော်မရှင် တည်ထောင်ရာမှာ အနည်းဆုံး သင်ခန်းစာခြောက်ခုကို အတွေ့အကြုံက ရခဲ့တယ်ဟု ပြောကြားခဲ့သည်။ ပထမမှာ သူသည် နိုင်ငံတကာ အကောင်းဆုံးအလေ့အကျင့်များနှင့် ပြည်တွင်းရှိ ယခင်က ဖြစ်ပျက်ခဲ့သော အဖြစ်အပျက်များ အောင်မြင်မှုနှင့် ကျရှုံးမှုများကို လေ့လာရန် အရေးကြီးကြောင်းပြောခဲ့သည်။

ဒုတိယမှာ သူသည် လူစွမ်းအား အရင်းအမြစ် စီမံခန့်ခွဲခြင်း၊ ဘဏ္ဍာရေး စီမံခန့်ခွဲခြင်း၊ သတင်း အချက်အလက်နည်းပညာ နှင့် လုပ်ငန်းတို့တွင် ခိုင်မာသည့် အုပ်ချုပ်ရေးမူဝါဒများ ချမှတ်နိုင်ရန် အရေးကြီးကြောင်း ပြောကြားခဲ့သည်။

တတိယမှာမူ သူက ပြောသည်မှာ အဂတိလိုက်စားမှုကို တိုက်ဖျက်ခြင်းနှင့် မဖြစ်ပွားရန် ကာကွယ်ခြင်းတို့ကို တပြိုင်နက်တည်း လုပ်ဆောင်ရမည်ဖြစ်သည်။ မင်းက အကယ်၍ ကာကွယ်ခြင်းကိုဘဲ နားလည်ပြီး စစ်ဆေးဖို့မပြင်ဆင်ရင် ဘာမှ ဖြစ်မှာ မဟုတ်ပါဘူး။ အကယ်၍ စစ်ဆေးဖို့ဘဲနားလည်ပြီး မတားဆီးရင်လည်း အရှေ့ကို ရွှေ့မှာ မဟုတ်ပါဘူး။

စတုတ္ထမှာ သူက အလေးပြုပြောကြားသည်မှာ သွေးဖယ်သည့် ရေစီးကြောင်းများရှိနေသော်လည်း မစ်ရှင်ကိုသာ အဓိကထားရန်၊ အဆိုပါ အင်စတီကျူးရှင်များသည် နိုင်ငံရေး စိတ်ဝင်စားမှုနှင့် အခြားအကြောင်းများကြောင့် နည်းမျိုးစုံနှောင့်ယှက်ခံရရန် လွယ်ကူသည်။

ပဉ္စမမှာ သူက တတိယအဖွဲ့အစည်း၏ အကူအညီ အရေးကြီးကြောင်းပြောကြားခဲ့သည်။ KPK သည် သူ၏ ရံပုံငွေကို နိုင်ငံတကာ အလှူရှင်များမှ ၈% သာလက်ခံခဲ့ပြီး အဆိုပါ အလှူငွေများသည်လည်း မြန်ဆန်စွာ လုပ်ငန်းဆောင်ရွက်နိုင်ခဲ့သည်။ နိုင်ငံတော် ရံပုံငွေထက်စာလျှင် ပိုမို ပြောင်းလွယ်ပြင်လွယ်ကူသည်။

နောက်ဆုံးတွင် Sunaryadi က ခေါင်းဆောင်များအား တိုက်တွန်းသည်မှာ မမျှော်လင့်သော အခွင့်အလမ်းများ အမိအရ ဆုပ်ကိုင်နိုင်ရန် အရှိန်အဟုန်ပေါ်ပေါက်လာတုန်း သတ္တိရှိရန် တိုက်တွန်းခဲ့သည်။ သူကပြောသည်မှာ သင်ကံကောင်းမှသာ တခါတလေ အလုပ်ဖြစ်တာမျိုးဖြစ်တယ်ဟု ပြောခဲ့သည်။

သတင်းအချက်အလက်နည်းပညာ ညွှန်ကြားရေးမှူး Budi Ibrahimက ပြောသည်မှာ သူ၏အောင်မြင်မှုသည် နည်းပညာကို ကော်မရှင်၏ အော်ပရေးရှင်းတွင် ပေါင်းစပ်နိုင်ခဲ့ပြီး ကော်မရှင်အဖွဲ့ဝင်များ၏ ပံ့ပိုးမှု ရရှိခဲ့သောကြောင့်ဖြစ်သည်ဟု ပြောခဲ့သည်။ သူက ဆက်ပြောသည်မှာ ကျွန်တော်ကို ကော်မရှင်အဖွဲ့ဝင်တွေက မပံ့ပိုးလျှင် ဇာတ်လမ်းက တစ်မျိုးဖြစ်နိုင်တယ်ဟုပြောခဲ့သည်။

အရပ်ဘက်အဖွဲ့အစည်း ခေါင်းဆောင်များသည် ကော်မရှင်အဖွဲ့ဝင်များ၏ ပထမနှစ်သက်တမ်းလုပ်ဆောင်မှုများကို အများစု နှစ်သက်သဘောကြကြသည်။ Publish What You Pay မှ Ridaya Laodengkowe က ပြောသည်မှာ ကျွန်တော်တို့မှာ မှတ်စုအများကြီးရှိပေမယ့် ကျွန်တော်တို့ ဝန်ခံရမှာက KPKရဲ့ ပထမဆုံး ဦးဆောင်သူအဖွဲ့ဟာ အင်စတီကျူးရှင်းအကောင်အထည်ဖော်ရမှာ အလွန်အောင်မြင်ခဲ့တယ်။ သူတို့က သူတို့ တာဝန်ထမ်းဆောင်မှုသက်တမ်း ကုန်ဆုံးတဲ့အထိ တလေျှာက်လုံး လုပ်ခဲ့ကြတယ်။

KPK ခေါင်းဆောင်များ၏ မြော်မြင်မှုနှင့် ၎င်း၏ ဥပဒေလုပ်ပိုင်ခွင့် အားကောင်းမှုအပြင် Indonesia Corruption Watch ၏ ဥက္ကဋ္ဌ Danang Widoyoko က ပြောသည်မှာ KPK အောင်မြင်မှုသည် လူထု၏ ထောက်ခံမှုသည်လည်း အရေးကြီးသော အချက်ဖြစ်ကြောင်းပြောကြားခဲ့သည်။ သူက တိုင်းပြည်တစ်ခု၏ နိုင်ငံရေး လူ့မလိုင်အသိုင်းအဝိုင်းသည် အဂတိလိုက်စားမှုတိုက်ဖျက်ရေး အေဂျင်စီကို ဖွဲ့ခဲ့သည်မှာ သင့်အိမ်ထံကို ကျားကို ဖိတ်ခေါ်လိုက်တာဖြစ်တယ်။ ကျားက သင့်ကို ကိုက်တော့မယ်ဟု နှိုင်းယှဉ်ပြခဲ့သည်။

ကျားက လိမ္မာလို့ဖြစ်ဖြစ် ပါးနပ်လို့ဖြစ်ဖြစ် လူတွေအပေါ်မှာ မူတည်တယ်ဟု ပြောကြားခဲ့သည်။

ထိုသို့ ပြည်သူလူထု ထောက်ခံမှုများကြောင့် KPKသည် အရပ်ဘက် အဖွဲ့အစည်းများနှင့် ခိုင်မာသည့် ဆက်ဆံရေးပြယုဒ်ကို ထူထောင်နိုင်ခဲ့သည်။ Paramadina Public Policy Institute of Jakarta ၏ တွဲဖက်တည်ထောင်သူဖြစ်သည့် Wijayantoက ပြောသည်မှာ အရပ်ဘက်အဖွဲ့အစည်းများနှင့် KPKသည် အချင်းချင်း အပြန်အလှန် ဖေးမကြောင်း ပြောကြားခဲ့သည်။ တဖက်ကလည်း အရပ်ဘက်အဖွဲ့အစည်းတွေက KPKကို နောက်ကနေ အားကောင်းကောင်းနဲ့ ရပ်တည်ပေးခဲ့ပြီး အဂတိလိုက်စားသူများနှင့် နိုင်ငံရေး စိတ်ဝင်စားမှုများက ပျော့ညံ့အောင်လုပ်ဆောင်နေတဲ့ တိုက်ခိုက်မှုများကို ကာကွယ်ပေးခဲ့သည်။ အခြားတဖက်တွင်လည်း အင်ဒိုနီးရှား၏ အဂတိလိုက်စားမှု တိုက်ဖျက်ရေး လှုပ်ရှားမှုကြီးတွင် KPKသည် သည် အဓိကကျသည့် အခန်းကဏ္ဍမှ ပါဝင်ခဲ့သည်။

KPK၏ ပထမဆုံး ကော်မရှင်အဖွဲ့ဝင်များသည် ၂၀၀၇ ဒီဇင်ဘာလတွင် တာဝန်ထမ်းဆောင်မှု သက်တမ်းကုန်ဆုံးပြီး ၄င်းတို့၏ အားကောင်းသည့် လုပ်နိုင်စွမ်းများနှင့် မဟာဗျူဟာကျသည့် စွမ်းဆောင်ရည် မြင့်တင်မှုတို့၏ အကျိုးကျေးဇူးများကို ပြသနိုင်ခဲ့သည်။ ယခင်က လုပ်ဆောင်ခဲ့သော ကြာရှည်မခံသည့် အဂတိလိုက်စားမှု တိုက်ဖျက်ရေး အင်အားစုများကဲ့သို့ မဟုတ်ဘဲ KPKသည် ထိရောက်ပြီး ရေရှည် ရပ်တည်နိုင်သည့် ကျင့်ဝတ်သိက္ခာရှိသည့် အင်စတီကျူးရှင်းအဖြစ် တည်ထောင်နိုင်ခဲ့သည်။ သို့သော် ကော်မရှင်သည် အသွားချွန်ပြီး အဆင့်အတန်းမြင့် ဥပဒေချိုးဖောက်သူများကို အရသာတွေ့ကြောင်းကိုလည်း ပြသနိုင်ခဲ့သည်။ အင်ဒိုနီးရှားလူမျိုးတိုင်းက ထိုကျားကို ဖိတ်ခေါ်မည်မဟုတ်ပေ။ ဤအသေအကျေတိုက်ပွဲသည် အေဂျင်စီနှင့် ၄င်းမိတ်ဘက်များအား စမ်းသပ်သည့် တိုက်ပွဲလည်းဖြစ်နေပေသည်။